Han Nyein Oo's account became inaccessible late on Friday March 11, with a notice saying it "can't be displayed because it violated Telegram's Terms of Service". But secondary accounts remain active and are growing fast. Another Han Nyein Oo channel had around 37,000 subscribers at the time the main account was blocked but has since grown to over 48,000. A new channel that was created after the block quickly garnered 26,000 subscribers.

Daw Wai Phyo Myint, a digital rights activist with Access Now, said she was "glad to see" the main account taken down, but added that it was "too late and too little" given activists had been begging for action for months. "Taking down just one account is not necessarily addressing the issues of Telegram we have been raising," she said.

Many other problematic accounts remain active.

One called *Hpayethi Hnein Hnin Yay* or "watermelon suppression" in Burmese, posts screenshots of Facebook posts by soldiers and police criticising the military, demanding that

action be taken against them. Another account, the name of which *Frontier* is withholding to limit its reach, has launched a bounty system offering payment for assassinations. In one post, the account offered K500,000 (around US$280) to anybody who kills a social media user that accuses someone of being *dalan*, a term for a military informant. If a target claims to have actually killed a *dalan*, the bounty goes up to K700,000 (around $390). The post also promised payment if the target is seriously injured. *Frontier* has not confirmed any actual assassinations related to this campaign. Both channels remained accessible as of publication.

In another incident, a Facebook user identified a writer and activist from a military family as a "watermelon". The post accused the writer of starting a recent campaign to assassinate air force officers, an effort by resistance groups to limit the junta's ability to conduct air strikes, which give the military a major advantage over resistance groups and have also resulted in widespread civilian casualties. The post shared the writer's address in Yangon and the name of the town where he is supposedly hiding in Thailand. Although the post was taken down from Facebook, it was shared by a number of pro-military Telegram users where it remains accessible.




The profile picture of the "Watermelon Suppression" account shows a watermelon being hacked with a knife (Frontier)

**Not enough moderation**

Despite the fact that Telegram users are seemingly inciting violence, directing arrests and encouraging assassinations, Telegram has taken only limited action. The company did not respond to multiple requests for comment from *Frontier*, including for this story.

Digital activists have also attempted to contact Telegram, warning in a letter that its platform was being used to "cause profound harm" with "very real consequences".

"They don't respond to any of our communications," said Wai Phyo Myint with Access Now, one of the groups that wrote the letter to Telegram.

"They need to have channels where they engage with civil society and activists and journalists," said her colleague, Ms Dhevy Sivaprakasam. Sivaprakasam pointed out that Facebook made similar mistakes, but after being implicated in the violent crackdown against the Rohingya in 2017, has been much more proactive in addressing dangerous content.

Wai Phyo Myint said it has been more of "a challenge to find a pressure point" on Telegram, given it is based in Dubai, unlike Facebook, which is headquartered in the United States.

"Telegram channels targeting pro-democracy supporters clearly intend to incite violence and should be removed for violating the platform's terms of service," said a Western diplomat based in Yangon who spoke on condition of anonymity.

Telegram was founded in 2013 by brothers Pavel and Nikolai Durov, who left Russia country in 2014 citing government pressure. Telegram has long resisted moderating content on its platform due to free speech concerns. But there are signs the company is starting to cave to pressure.

In February, Telegram took down 64 channels in Germany accused of spreading anti-Semitism and COVID-19 disinformation, after the government threatened to ban the platform. Telegram also banned Russian state media accounts following Russia's invasion of Ukraine.

Now, it has seemingly begun to respond to pressure in Myanmar as well.

Telegram also appears to have different policies for products using different operating systems, likely due to the policies of these companies. A *Frontier* reporter with an iPhone was unable to access one Han Nyein Oo page which had spread revenge porn targeting female pro-democracy activists. A notice says the channel "can't be displayed" because it "spread pornographic content", something Apple has long worked to keep out of its App Store. But a reporter with another brand of smartphone could still see it. Apple did not respond to a request for comment.

"We had discussions on whether we should approach Google or Apple to request whether to remove Telegram from their app stores, but at the end, what we want is to still have Telegram as a platform because the movement is relying on it as well," said Wai Phyo Myint.

Telegram is also used by journalists and activists to communicate more securely. "We only want Telegram to address these problematic contents and ban bad actors," she said.

Sivaprakasam said they also have to be careful not to inadvertently get anti-military People's Defence Forces and other resistance groups banned. While most in Myanmar see these groups as acting in self-defence, a blanket ban on violence could impact them as well.

"This is something we foresee as an issue," she said.




Screenshots showing shared admins across multiple pro-military Telegram channels (supplied)

**A coordinated campaign**

There is mounting evidence that the Telegram accounts are part of a coordinated campaign and are directly linked to the military and its institutions.

On the morning of February 7, the now-banned Han Nyein Oo account posted about police Major Tin Min Tun, who had defected in February of last year, complaining that the police officer remained at liberty. According to local media, police in riot gear stormed Tin Min Tun's home in Yangon's North Okkalapa Township later that same day and seized his property (he was not home at the time of the raid).

Some Telegram channels also show which admin made a specific post, giving insight into the connections between different channels. For example, one post by Myanmar Hard Talk was

written by an admin named Oakker Aung. The same username is also listed as an admin for one of Han Nyein Oo's pages. Myanmar Hard Talk is a political commentary operation that revolves around an inflammatory talk show and social media posts, often hosting extremist and controversial figures. Hardline nationalist Maung Myint, a candidate for the military proxy Union Solidarity and Development Party (USDP), was a regular guest in the lead-up to the 2020 election.

Myanmar Hard Talk was banned from Facebook following a *Frontier* exposé that showed the page was spreading disinformation and anti-Muslim hate speech. The network has since resurfaced on Telegram, where it has accumulated nearly 19,000 followers – in August of last year, it had just 6,000 subscribers. While its growth has been substantial, it still doesn't compare to Facebook, where it accumulated 240,000 followers in around 11 months before being shut down.

Thazin Oo was another account that participated in the campaigns to arrest business owners and soldiers, which was also recently deleted, but a new channel has already accumulated more than 11,000 subscribers.

While most pro-military channels hide their admins, Thazin Oo's channel did not. A number of her posts were written by admins HNO – a name regularly used by Han Nyein Oo, including for one of his accounts – and Kyaw Swar, another prominent pro-military Telegram user with around 53,000 subscribers on the messaging app. In a post on March 9, Kyaw Swar targeted a prominent activist who recently criticised Telegram, posting her supposed address in Yangon. That account remains accessible.

Thazin Oo has direct connections to the junta and the proxy USDP. She frequently campaigned for the USDP before the 2020 election, even appearing in a video posted by one of the party's verified Facebook pages days before the election. The same page would go on to spread disinformation claiming that the 2020 election was undermined by massive voter fraud – an allegation for which no credible evidence has been produced, but that was used as a pretext for the coup.

Since the coup, Thazin Oo has appeared as a presenter for the military's official television channel, Myawady TV, as well as for Myanmar Hard Talk and a pro-military tabloid called Thuriya Nay Wun (known in English as Sun Rays).

Thuriya Nay Wun is run by journalist Moe Hein, who wasn't always known as a military sympathiser. In 2013, he angered the USDP government and businessman Tay Za by writing an article critical of military cronies, calling for them to "jump into the Andaman Sea". The *Irrawaddy* reported in 2014 that he was an American citizen and was banned from returning to Myanmar at the time.

But today, Moe Hein shares a steady stream of pro-military propaganda on Telegram, and also appears regularly on Myawady TV. He was even among a list of channels that Han Nyein Oo urged his followers to also subscribe to.



A police officer who defected from the security forces, pictured in India in March, 2021 (AFP)

**Spreading slander**

Han Nyein Oo's list also included Telegram users BaNyunt and Sergeant Phoe Si. Both have targeted so-called "watermelons" and are also participating in another campaign to undermine defecting soldiers. They and other social media users are spreading unsubstantiated rumours about defecting soldiers, seemingly in an attempt to discredit their reputations or claim they were kicked out of the military rather than having deserted. The posts often included homophobic or misogynistic claims about their sexual behaviour.

In one post, a Facebook user claimed that a female soldier who defected had slept with her married superior officer while his wife was pregnant.

On February 7, another pro-military user wrote that a defecting soldier "started his service only yesterday and pretends to know a lot about the Tatmadaw". The post claimed the soldier was a "trainee" and was punished for sneaking out without permission. He accused him of being a gambler, drunk and womaniser who was in debt. But other defecting soldiers told *Frontier* the man in question was a lieutenant, an officer position that typically takes years of service to achieve.

Kaung Thu Win, the captain who defected, was also targeted. In a post on January 10, a Facebook user claimed he was a homosexual drug user. The Facebook user only has 3,300 friends, and the post only received 180 reactions. But that same day, it was also shared by Sergeant Phoe Si and BaNyunt on Telegram, where they have over 27,000 and over 23,000 subscribers respectively. Both channels remain accessible on Telegram.

"Once you leave the army, you will be attacked online… I already knew in advance," Kaung Thu Win told *Frontier*, adding that he and his wife "are still laughing" at the slander.

Kaung Thu Win said the military spreads disinformation to try to "create a misunderstanding" between defecting soldiers and the people. He claimed there is a special taskforce in Nay Pyi Taw dedicated to psychological warfare called the Tatmadaw Technology and Information Force. *Frontier* could not independently verify this claim, but in 2018 the New York Times reported that hundreds of military personnel were involved in anti-Rohingya social media campaigns. That article also said members of the team were based in military compounds in Nay Pyi Taw.

Narratives discrediting defectors have also been spread in state media. The junta's information minister recently told reporters that stories of defecting soldiers are "exaggerated". He also called them "cowards who did not dare to admit their guilty moves in breaking the law".

Kaung Thu Win said it has also long been a military policy to monitor the social media accounts of soldiers.

“Before the coup, soldiers and their children had to give their accounts to the army. You have to attach your Facebook name and personal code number … All of our superiors have to give it to their superiors,” he explained. Kaung Thu Win said that those speaking out or leaking information should use a new account on a different phone.

Kaung Thu Win also called for Telegram to take more action to control dangerous content.

“I hope this company does not want to hurt anyone in any country. They created Telegram so that people could use it safely. But now that people in Burma are suffering because of Telegram’s lack of control, they should reconsider,” he said.

Wai Phyo Myint with Access Now said the strategy seems to be to inspire fear within the military system and within society at large. She said in the beginning, the Telegram channels were mostly targeting high-profile politicians and activists, but they are increasingly targeting average people opposed to the military. This includes posting their home addresses and even the names of their children.

Wai Phyo Myint said many in Myanmar are now constantly scanning these lists, which also takes a mental health toll.

“This is on a daily basis, these posts. We have to go and regularly check these channels just to see whether we or anyone we know are on this list,” she said.

https://www.frontiermyanmar.net/en/watermelon-suppression-doxing-campaign-targets-pro-democracy-soldiers-and-police/

--------------------------------------------------------------------------------------------------------

## လူ့ဒါန်းမှု ၈၅ ရာခိုင်နှုန်းကို စစ်လက်နက် ပစ္စည်းအတွက် အသုံးပြုတယ်လို့ NUG ပြော

2022.03.14



၂၀၂၁ ခုနှစ်၊ မေလမှာ ကရင်အမျိုးသားအစည်းအရုံး KNU ရဲ့ စခန်းတစ်ခုမှာ အခြေခံစစ်ပညာသင်ကြားနေတဲ့ စစ်အာဏာသိမ်းမှုဆန့်ကျင်ရေး လှုပ်ရှားသူတစ်ဦးကို တွေ့ရစဉ်။ Photo:AFP

အမျိုးသားညီညွတ်ရေးအစိုးရ NUG ဟာ မတ်လ ၁၃ ရက်နေ့အထိ ပြည်သူတွေရဲ့ လှူဒါန်းမှုကနေ အမေရိကန်ဒေါ်လာသန်း ၃၀ ကျော်ရရှိခဲ့ပြီး ဒီငွေအားလုံးရဲ့ ၈၅ ရာခိုင်နှုန်းကို စစ်လက်နက်ပစ္စည်း ဝယ်ယူမှုနဲ့ ထုတ်လုပ်မှုအတွက် အသုံးပြုခဲ့တယ်လို့ NUG ရဲ့ ကာကွယ်ရေးဝန်ကြီးဌာနက မနေ့က ရက်စွဲနဲ့ သတင်းထုတ်ပြန်ပါတယ်။

ပြည်သူ့ခုခံတွန်းလှန်စစ် စတင်ခဲ့တဲ့ ၆ လပြည့်အဖြစ် ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်တဲ့ အစီရင်ခံစာမှာ အခုလို ထည့်သွင်းပြောထားတာပါ။

ပြည်သူ့တော်လှန်ရေးရဲဘော်တွေ အဓိကလိုအပ်နေတဲ့ စစ်လက်နက်ခဲယမ်းပစ္စည်းတွေကို ဒီထက်ပို တပ်ဆင်ပေးနိုင်ဖို့ ပြည်တွင်း၊ ပြည်ပက ပြည်သူတွေ၊ လုပ်ငန်းရှင်တွေ၊ ငွေကြေးတတ်နိုင်သူတွေအနေနဲ့ ထပ်တိုးကူညီပေးကြဖို့ NUGရဲ့ ကာကွယ်ရေးဝန်ကြီး ဦးရည်မွန်က တောင်းဆိုလိုက်ပါတယ်။

ခုခံတွန်းလှန်စစ်မှာ လက်တွဲဆောင်ရွက်နေတဲ့ မဟာမိတ်တွေ လက်နက်ခဲယမ်းဖြည့်တင်းဖို့ ရန်ပုံငွေရဲ့ ၇ ရာခိုင်နှုန်းကို မျှဝေသုံးစွဲခဲ့တယ်လို့လည်း ပြောပါတယ်။

PDF တွေဟာ ဒီနေ့ပြည်သူတွေရဲ့ မျှော်လင့်ချက်ဖြစ်သလို တော်လှန်ရေးအတွက် အဓိကကျပြီး လက်ရှိ ၂၀၂၂ ခုနှစ်ဟာလည်း ပြည်သူ့တော်လှန်ရေးအတွက် အဆုံးအဖြတ်ကျမယ့် အရေးကြီးတဲ့နှစ်ဖြစ်တယ်လို့ ရေးသား ထားပါတယ်။

တော်လှန်ရေးအင်အားစုတွေဟာ NUG ထံက အထောက်အပံ့တောင်းယူခွင့်ရှိပြီး ဝန်ကြီးဌာနအနေနဲ့ စစ်ရေး လိုအပ်ချက်ပေါ်မူတည်ပြီး ထောက်ပံ့ပေးမှာဖြစ်တယ်လို့ NUG က အသိပေးထားပါတယ်။

[https://www.rfa.org/burmese/news/85-percentage-use-to-buy-weapons-said-nug-03142022140455.html](https://www.rfa.org/burmese/news/85-percentage-use-to-buy-weapons-said-nug-03142022140455.html)

-----------------------------------------------------------------------------------------

## တန့်ဆည်မြို့နယ်မှာ တိုက်ပွဲဖြစ်ပြီးနောက် အရပ်သား ငါးဦး သေဆုံး

2022.03.14



၂၀၂၁ ခုနှစ်၊ မေလက တန့်ဆည်မြို့နယ် ကာပေါင်းကျေးရွာကို စစ်ကောင်စီတပ်တွေ ဝင်ရောက်စီးနင်းတာကြောင့် ထွက်ပြေးခဲ့ရသူတွေကို တွေ့ရစဉ်။ Photo: Citizen Journalist

စစ်ကိုင်းတိုင်း၊ တန့်ဆည်မြို့နယ်မှာ စစ်ကောင်စီတပ်နဲ့ ဒေသခံကာကွယ်ရေးတပ်ဖွဲ့တွေကြားမှာ ပြီးခဲ့တဲ့ မတ်လ ၁၂ ရက်နေ့က တိုက်ပွဲဖြစ်ပွားခဲ့ပြီးနောက် အရပ်သား ငါးဦး သေဆုံးခဲ့ရတယ်လို့ တန့်ဆည်မြို့နယ် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ရဲ့ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက RFA ကို ဒီနေ့ ပြောပါတယ်။

မတ်လ ၁၂ ရက်နေ့ မနက်ပိုင်းမှာ တန့်ဆည်မြို့နယ် စိမ်းစားရွာက ပျူစောထီးတစ်ယောက် အသတ်ခံရပြီးနောက် စိမ်းစားရွာနဲ့ ၉ မိုင်လောက်ဝေးတဲ့ ရေဦးမြို့နယ်ထဲမှာ အခြေစိုက်ထားတဲ့ စစ်တပ်က တန့်ဆည်ဘက်ကို ချက်ချင်းရောက်လာရာကနေ တိုက်ပွဲဖြစ်ပွားခဲ့တာလို့ သူက ပြောပါတယ်။

**"တိုက်ပွဲဖြစ်တဲ့အခါ သူတို့ဘက်က ငါးယောက်ကျတယ်။ တစ်ယောက်အရှင်ဖမ်းမိတယ်။ သေနတ် ငါးလက်နဲ့ လက်နက်ခဲယမ်းတွေလည်း ရတယ်ပေါ့နော်။ မောင်းပြန်သေနတ်တွေ ရတာ။ သူတို့က ကားကြီးနဲ့ လာတာ။ မြေသယ်ကားနဲ့ လာတာ။ အကျများတော့ ပြန်ဆုတ် သွားတယ်။ ဆုတ်သွားပြီးတော့ ၁၂ နာရီ၊ ၁ နာရီ လောက်မှာ ပြန်ဝင်လာတယ်။ ပြန်ဝင် လာပြီးတော့ လမ်းဘေးက အိမ်တွေကို မီးရှို့တယ်။ သေနတ်တွေနဲ့ ရမ်းပစ်တဲ့အခါမှာ အသက် ၁၅ နှစ်လောက်ပဲ ရှိသေးတဲ့ မသဲဦးဖြူရဲ့ ရင်အုံနဲ့ လက်မောင်းကို မှန်တယ်။ ကျည်နှစ်ချက် ထိပြီး ဆုံးသွားတယ်"**

စိမ်းစားရွာကို စစ်တပ်က ဆက်လက်ဝင်ရောက်လာပြီးနောက် နေအိမ် ငါးလုံး မီးရှို့ခံခဲ့ရသလို စိမ်းစားရွာနဲ့ ကပ်လျက် ချောင်းရိုးရွာကိုလည်း အလားတူဝင်ရောက်လာပြီးနောက် နေအိမ် ခုနစ်လုံးနဲ့ ကြက်ခြံတွေ မီးရှို့ခံခဲ့ရတယ်လို့ ဆိုပါတယ်။

စိမ်းစားရွာမှာတော့ ထွက်မပြေးနိုင်ဘဲ အိမ်မှာကျန်နေခဲ့တဲ့ အသက် ၇၀ ကျော် အဘွားအိုတစ်ဦး မီးရှို့ခံရတဲ့အိမ်ထဲ ပါသွားသလို ချောင်းရိုးရွာမှာလည်း နေအိမ်တွေ မီးရှို့ခံရလို့ ထွက်ပြေးလာတဲ့ ဦးသန်းစစ်နဲ့ သားဖြစ်သူ ကိုကျော်မင်းခိုင်တို့မှာလည်း ခေါင်းနဲ့ ရင်အုံတွေမှာ သေနတ်ထိမှန် ပြီးတော့ သေဆုံးသွားခဲ့တယ်လို့ ပြောတယ်။

ကျန်တစ်ယောက်ကတော့ ဦးခင်မောင်သိန်းလို့ ခေါ်တဲ့ အသက် ၇၀ ခန့်အရွယ် အဘိုးအိုတစ်ဦး ဖြစ်ပြီး သူဟာလည်း ချောင်းရိုးရွာမှာ ထွက်မပြေးနိုင်ဘဲ ကျန်ခဲ့ရာမှာ သေဆုံးခဲ့ရတာလို့ ဒေသခံတွေက ပြောပါတယ်။

တန့်ဆည်ဖြစ်စဉ်နဲ့ ပတ်သက်ပြီး မေးမြန်းနိုင်ဖို့ စစ်ကောင်စီ ပြောခွင့်ရသူ ဗိုလ်ချုပ် ဇော်မင်းထွန်း ကို RFA က ဒီနေ့ညနေ ၅ နာရီအထိ ဖုန်းနဲ့ ဆက်သွယ်ခဲ့ပေမဲ့ အကြောင်းမပြန်ပါဘူး။

ဒေသခံတွေကတော့ ဒီနေ့အချိန်အထိ ရွာတွေဆီကို မပြန်ရဲသေးသလို စစ်တပ်ကလည်း PDF တွေကို အဲဒီရွာ ပတ်ဝန်းကျင်တွေမှာ လိုက်လံ ရှာဖွေနေဆဲ ဖြစ်တယ်လို့ ဆိုကြပါတယ်။

စစ်တပ်က အာဏာသိမ်းပြီးနောက်ပိုင်းမှာ တန့်ဆည်မြို့နယ်မှာ အနည်းဆုံး ကျေးရွာ ၁၅ ရွာနဲ့ အိမ်ခြေ ၃၀၀ ဝန်းကျင် မီးရှို့ဖျက်ဆီးခံခဲ့ရတယ်လို့ ဒေသခံတွေက ပြောပါတယ်။

အာဏာသိမ်းပြီးနောက်ပိုင်း အခုနှစ် မတ်လ ၉ ရက်နေ့အထိ စစ်ကောင်စီတပ်တွေနဲ့ သူ့ လက် အောက်ခံ အဖွဲ့အစည်းတွေက မီးရှို့လို့ ပျက်စီးသွားတဲ့ လူနေအိမ်ပေါင်း ၆,၇၁၉ လုံးခန့်ရှိတယ်လို့ လွတ်လပ်တဲ့ သုတေသန အဖွဲ့တစ်ခုဖြစ်တဲ့ Data for Myanmar က သတင်းထုတ်ပြန်ထား ပါတယ်။

https://www.rfa.org/burmese/news/taze-battle-five-civilians-killed-03142022082153.html

------------------------------------------------------------------------------------------------------------

## နတ္တလင်းမြို့နယ်တိုက်ပွဲတွင် ဖမ်းဆီးခံရသည့် PDF ရဲဘော်များကို စစ်ကောင်စီတပ်က သတ်ဖြတ်

Published By DVB | 14 March, 2022




ပဲခူးတိုင်း၊ နတ္တလင်းမြို့နယ်အတွင်းပြီးခဲ့တဲ့ ရက်ပိုင်းက ဖြစ်ပွားခဲ့တဲ့ စစ်ကောင်စီတပ်တွေနဲ့ တိုက်ပွဲမှာ အရှင်ဖမ်းမိသွားတဲ့ ဒေသခံ PDF ရဲဘော် ၃ ယောက် စစ်ကြောရေးမှာ သေဆုံးသွားပါတယ်။

ပြီးခဲ့တဲ့ မတ်လ ၁၀ ရက်က နတ္တလင်းမြို့နယ်ထဲက တောင်ညိုကွပ်သစ် အထက် တက်တဲ့လမ်းတွေမှာ စောင့်နေတဲ့ စစ်ကောင်စီတပ်သားတွေကို သုတ်သင်ရှင်းလင်းဖို့အတွက် စစ်ကြောင်းထွက်လာတဲ့ Phoenix PDF အဖွဲ့ဟာ ဒလန်ရဲ့သတင်းပေးမှုကြောင့် လမ်းမှာ စစ်ကောင်စီတပ် စစ်ကား ၅ စီးရဲ့ တိုက်ခိုက်ခံရတာကြောင့် တယောက် ကျဆုံးကာ ၃ ယောက် ဖမ်းဆီးခံရတာ ဖြစ်ပါတယ်။



အဲဒီ ဖမ်းဆီးခံလိုက်ရတဲ့သူ ၃ ယောက်ဟာ မနေ့က ခုတင် ၁၀၀ စစ်ဆေးရုံမှာ သေဆုံးနေတဲ့ အလောင်းအဖြစ် တွေ့ခဲ့ရတယ်လို့ စစ်ဆေးရုံအသိုင်းအဝန်းက သိရပါတယ်။

တိုက်ပွဲဖြစ်ပြီး ဖမ်းဆီးခံရတဲ့ PDF တွေကို စစ်ကောင်စီတပ်တွေက အဲ့ဒီနေ့မှာပဲ တောင်ညိုကွပ်သစ်က လူထုရှေ့မှာ ရိုက်နှက်ထိုးကြိတ်ပြသတာကြောင့် သူတို့အထဲကတယောက်က မခံနိုင်တဲ့အဆုံးမှာ သေနတ်လုပြီး ပြန်လည်တိုက်ခိုက်တာကြောင့် လူထုရှေ့မှာပဲ ပစ်သတ်လိုက်တာ ဖြစ်ပါတယ်။

ကျန် ၃ ယောက်ကိုတော့ စစ်ကောင်စီတပ်တွေက ဖမ်းဆီးခေါ်ဆောင်သွားခဲ့ရာမှာ အခု ၃ ယောက် စလုံးရဲ့အလောင်းတွေကို ပြည် ခုတင် ၁၀၀ စစ်ဆေးရုံမှာ တွေ့ခဲ့ရတယ်လို့ စစ်ဆေးရုံနဲ့ နီးစပ်တဲ့ သူတဦးက ပြောပါတယ်။



ဒေသခံတယောက်က "သူတို့ ၃ ယောက်ကို ၁၀ ရက်က ဖမ်းဆီးမိသွားကတည်းက ရိုက်နှက်စစ်ဆေးနေခဲ့တာကြောင့် မခံနိုင်တဲ့အဆုံးမှာ သူတို့ကို ထောက်ပံ့နေတယ်ဆိုတဲ့ ရွာနာမည်တချို့ကို ဖော်လိုက်ရတယ် ထင်တယ်။ အခု ညကနေစပြီး နတ္တလင်းမြို့နယ်ထဲက တောင်ညိုဆည် ပတ်ဝန်းကျင်က ကျေးရွာတချို့ကို အတင်းဝင်ရောက်စစ်ဆေးတာတွေ၊ အိမ်တွေကို ဖျက်ဆီးတာတွေ ပြုလုပ်နေပါတယ်။ အခု အိမ်ခြေ ၃၀၀ လောက်ရှိတဲ့ ညောင်လေးပင်ရွာဟောင်းက ရွာရှိလူတွေ အကုန်လုံးကို ရွာကနေ နှင်ထုတ်နေပြီး ညတွင်းချင်းကို အိမ်တွေ ဖျက်နေရတာ ဘယ်တွေ သွားနေရမလဲတော့ မသိဘူး။ တခြား ဘယ်ရွာတွေ ပါသေးလဲတော့ မသိသေးဘူး" လို့ ပြောပါတယ်။

အခုစစ်ကြောရေးမှာ သေဆုံးသွားသူတွေဟာ နတ္တလင်းမြို့နယ် ဖောင်းအိုင်နဲ့ ကျောက်ဆောင်းက လူငယ်တွေဖြစ်ကြပြီး သူတို့အလောင်းတွေကို လာသယ်ယူဖို့အတွက် သက်ဆိုင်ရာ မိသားစုကို အကြောင်းကြားတာမရှိသေးဘူးလို့ သိရပါတယ်။

https://burmese.dvb.no/archives/522090

----------------------------------------------------------------------------------------------------

## မိုးဗြဲ- ဒီးမော့ဆို လမ်းပိုင်းရှိ PDF နယ်မြေတချို့ စစ်ကောင်စီလက် ပြန်ရောက်

By ဧရာဝတီ | 14 March 2022

စစ်ကောင်စီဘက်က နေ့စဉ်နှင့်အမျှ လက်နက်ကြီးနှင့် လေကြောင်း ပစ်ကူများသုံး၍ တိုက်ခိုက်မှုကြောင့် ကယား ပြည်နယ် မိုးဗြဲ- ဒီးမော့ဆို လမ်းပိုင်းရှိ ဒေသကာကွယ်ရေးတပ်များ (PDF) များ ထိန်းချုပ်နိုင်ခဲ့သည့် နေရာတချို့ကို ပြန်လည် လက်လွှတ်ပေးခဲ့ရကြောင်း သိရသည်။

ယမန်နေ့ (မတ် ၁၃ ရက်) တွင် ဒီးမော့ဆိုမြို့ နှင့် မိနစ်ပိုင်းသာ ကွာဝေးသော ဒေါင်ခါး ရပ်ကွက်ကို လက်နက်အင်အားခြင်း မမျှ၍ နောက်ဆုတ်ပေးလိုက်ရကြောင်း ဒီးမော့ဆို ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့ (PDF) မှ ပြန်ကြားရေး တာဝန်ခံ က ဧရာ ဝတီသို့ ပြောသည်။

ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်းမှ စတင်ပြီး စစ်ကောင်စီ၏ ထိုးစစ်ဆင်မှုကြောင့် PDF များက မိုးဗြဲ၊ ဝါရီဆူးပလိုင်၊ နန်းမယ် ခုံ အစရှိသည့် မြို့နယ်များမှ ဆုတ်ခွာပေးခဲ့ရပြီး ယခုတွင် ဒေါင်ခါးရပ်ကွက်မှပါ နောက်ဆုတ်ပေးလာရခြင်း ဖြစ်သည်။



လက်နက်ကြီးကျ၍ ပျက်စီးခဲ့ရသည့် ဒီးမော့ဆိုမြို့နယ်ရှိ အဆောက်အအုံများ (ဓာတ်ပုံ- CJ)

၎င်းက "ရှင်းရှင်း ပြောရရင် ကျနော်တို့မှာ လက်နက်ခဲယမ်း ကုန်သလောက် ဖြစ်သွားပြီ။ အဲဒါကြောင့် အနောက်ဘက် နည်း နည်း ဆုတ်ပေးလိုက်ရတယ်။ သူတို့ဘက်က နေ့နေ့ညည လေယာဉ်နဲ့ ဗုံးကြဲတယ်။ အခု အတွဲလိုက် ဒုံးနဲ့ပစ်တယ် ကျနော် တို့ ဆက်တင်းခံနေမယ်ဆိုရင် အိမ်တွေ လက်နက်ကြီး ထိမယ်။ဘာသာရေး၊ အဆောက်အအုံတွေလည်း ပျက်စီးမယ်။ ကျနော်တို့လည်း အထိနာမယ်။ အဲဒါကြောင့် ဆုတ်ပေးလိုက်ရတာ" ဟု ပြောဆိုသည်။

အာဏာသိမ်း စစ်ကောင်စီတပ်များသည် ရှမ်း- ကယား နယ်စပ်အနီးရှိ မိုးဗြဲမြို့ ဝန်းကျင်သို့ ပြီးခဲ့သည့် ဖေဖော်ဝါရီ ၁၆ ရက် မှ စတင်ကာ ခြေလျင်တပ်၊ သံချပ်ကာကား၊ လေကြောင်းနှင့် ၁၂၀ မမ၊ ၈၀ မမ အမြောက်ပစ်ကူများ

အပြည့်အဝသုံး ၍ အင်အား ၂၀၀ စီပါသော စစ်ကြောင်း ၃ ကြောင်းဖြင့် ထိုးစစ်ဆင် တိုက်ခိုက်လာခဲ့ဖြစ်ပြီး ဒီးမော့ဆို မြို့နယ် အတွင်း သို့ ဆက်လက် ထိုးစစ်ဆင်လာနေခြင်း ဖြစ်သည်။

ယခု ဒီးမော့ဆိုမြို့နယ် တိုက်ပွဲများ အတွင်း၌ စစ်ကောင်စီဘက်က ကားတင် အတွဲလိုက်ဒုံး Multiple Rocket Launcher System (MRLS) များကို အသုံးပြု တိုက်ခိုက်လာနေလျက် ရှိသည်။

ကယားပြည်နယ်အတွင်းရှိ ကရင်နီ အမျိုးသား ကာကွယ်ရေး တပ်ဖွဲ့ (KNDF) အပါအဝင် မဟာမိတ် ပူးပေါင်း PDF တပ်များ ကလည်း အပြင်းအထန် ခုခံ တိုက်ခိုက်ခဲ့ပြီး တိုက်ပွဲပြင်းထန်ခဲ့သည့် ၁ လ ဝန်းကျင်အတွင်း နှစ်ဖက်ထိခိုက်ကျဆုံးမှု အများ အပြားရှိခဲ့ပြီး စစ်ကောင်စီဘက်က ၁၀၀ နီးပါး သေဆုံးခဲ့သလို ပြည်သူ့ ကာကွယ်ရေး တပ်ဖွဲ့များဘက်က ၃၀ ကျော် ကျဆုံး ခဲ့သည်။

ဖယ်ခုံ ပြည်သူ့ ကာကွယ်ရေးတပ် (PDF) ပြောရေးဆိုခွင့်ရှိသူ က "တိုက်လေယာဉ်နဲ့ လာတယ်။ ဟယ်လီကော်ပတာနဲ့ လည်း လာတယ်။ အခုဆို အတွဲလိုက်ဒုံးနဲ့လဲ တိုက်နေတယ်။ ကျမတို့ကို တကယ့်ကို မြန်မာနိုင်ငံသား မဟုတ်တော့ သလို ချနေတာ ဒါက ပြည်တွင်း စစ်ပွဲလေ ကျမတို့ကို တနိုင်ငံနဲ့ တနိုင်ငံ တိုက်နေသလိုမျိုးကြီး တကယ့်ကို ချနေတာ" ဟု ဧရာဝတီသို့ ပြောသည်။



လက်နက်ကြီးကျ၍ ပျက်စီးခဲ့ရသည့် ဒီးမော့ဆိုမြို့နယ်ရှိ အဆောက်အအုံများ (ဓာတ်ပုံ- CJ)

ပြည်သူ့ ကာကွယ်ရေး တပ်ဖွဲ့များ အားကောင်းနေလာသည့် ကယားပြည်နယ်ကို ထိန်းချုပ်လာနိုင်ပါက တခြားတိုင်းနှင့် ပြည်နယ်များကိုလည်း ပို၍ ထိန်းချုပ်နိုင်လာလိမ့်မည်ဟု ယူဆချက်ကြောင့် ယခုလို ကယားပြည်နည်အတွင်းသို့ ဖိပြီး တိုက်ခိုက် လာနေခြင်း ဖြစ်ကြောင်း ၎င်းက မှတ်ချက်ပြုသည်။

ပြီးခဲ့သည့် ဖေဖော်ဝါရီလ ပထမပတ်အတွင်း စစ်ကောင်စီ ဒု ဥက္ကဋ္ဌ ဒုဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ပြည်ထဲရေး ဝန်ကြီး ဒုဗိုလ် ချုပ်ကြီး စိုးထွဋ်တို့ ကယားပြည်နယ်မြို့တော် လွိုင်ကော်နှင့် ဘောလခဲမြို့များသို့ ရဟတ်ယာဉ်ဖြင့် သွားရောက်ကာ နယ်မြေခံ တပ်နယ်အရာရှိများနှင့် တွေ့ဆုံပြီးနောက် ရှမ်း- ကယား နယ်စပ်မှ တဆင့် ကယားပြည်နယ်အတွင်းသို့ စစ်ဆင် ရေးများ လုပ်ဆောင်လာခြင်း ဖြစ်သည်။

CDM ဗိုလ်ကြီး လင်းထက်အောင်က "အတွဲလိုက် ဒုံးတွေကို အသုံးပြုတာဟာ ထိခိုက်မှုတွေ အများကြီး ရှိတယ်။ လက်နက် ကြီးပစ် ကူဆိုတဲ့ နေရာမှာ တော်တော်ကို ကြီးကြီးမားမား ပစ်ကူပေးတာပေါ့။ ဒါမျိုးတွေ သုံးတာက သူတို့ကို ခုခံတွန်းလှန် နေတဲ့ သူတွေရော၊ ခုခံတွန်းလှန်သူတွေကို ထောက်ပံ့နေတဲ့ သူတွေကိုရော ကြီးကြီးမားမား အကျိုးဆက်တွေ ခံရအောင် လို့ လုပ်နေတဲ့ အရာပဲ" ဟု ပြောဆိုသည်။

စစ်ကောင်စီအနေဖြင့် ကယားပြည်နယ်အတွင်းရှိ PDF များကို အမြတ်ဖြတ် ချေမှုန်းပြီး နယ်မြေစိုးမိုးမှု ပြန်လည် ရရှိနိုင်ရန် အတွက် မြေပြင်နှင့် ဝေဟင် ထိုးစစ်များအပြင် သံချပ်ကာ၊ တင့်ကားနှင့် ဒုံးတပ်ဖွဲ့များကိုပါ အသုံးပြု တိုက်ခိုက်လာနေခြင်း ဖြစ်ကြောင်း ၎င်းက သုံးသပ်သည်။

ဒီးမော့ဆို PDF မှ ပြန်ကြားရေး တာဝန်ခံက "ဒီနေရာတွေကို ကျနော်တို့ ပြင်ဆင်ပြီးရင်တော့ ပြန်တိုက်ယူမှာပဲ" ဟု ဧရာ ဝတီသို့ ပြောသည်။

လက်ရှိတွင် ကယားပြည်နယ်အတွင်း တိုက်ပွဲများ ပြင်းထန်လာနေ၍ ဒေသခံအရပ်သား တသိန်းခွဲကျော်သည် နေရပ်စွန့်ခွာ ထွက်ပြေးနေရပြီး လူနေရပ်ကွက်များအတွင်းသို့ စစ်ကောင်စီ၏ လက်နက်ကြီး ပစ်ခတ်မှုများကြောင့်လည်း နေအိမ် အများ အပြားလည်း ပျက်စီးဆုံးရှုံးလျက်ရှိသည်။

https://burma.irrawaddy.com/news/2022/03/14/250579.html

---

## ကော့ကရိတ်မှာ လမ်းကြေးကောက် နယ်ခြားစောင့် တပ်သားနှစ်ယောက် ပစ်သတ်ခံရ

2022.03.14



နယ်ခြားစောင့် (BGF) တပ်ဖွဲ့ဝင် နှစ်ဦးကို ရေးမြို့နယ်မှာ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလအတွင်းက တွေ့ရစဉ် Photo: RFA

ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ် ကိုးတိုင်-ကြာအင်းဆိပ်ကြီး ကားလမ်းမှာ လမ်းကြေးကောက်နေတဲ့ နယ်ခြားစောင့် (BGF) တပ်ဖွဲ့ဝင် နှစ်ယောက် ဒီကနေ့ ပစ်သတ်ခံခဲ့ရတယ်လို့ ဒေသခံတွေက ပြောပါတယ်။

မတ်လ ၁၄ ရက် ဒီကနေ့ မနက် ၈ နာရီကျော်မှာ အမည်မသိ လူနှစ်ယောက် ဂိတ်ကို ရောက်လာပြီး ပစ်သတ်သွားတာလို့ ဆိုပါတယ်။

**"ပွဲချင်းပြီး သေတယ်ဗျ။ အဲဒီလမ်းတောက်လျှောက်မှာ စစ်ကောင်စီနဲ့ ပတ်သက်တဲ့ BGF ဂိတ်တွေ၊ KNLA-PC ဂိတ်တွေ၊ ရဲဂိတ်တွေရှိတယ်။ ဖြစ်စဉ် ဖြစ်သွားတဲ့ ဂိတ်ကတော့ ကိုးတိုင်နဲ့ အနီးဆုံးဂိတ်ပေါ့"** လို့ အမည်မဖော်လိုတဲ့ ဒေသခံက RFA ကို ပြောပါတယ်။

ကိုးတိုင် - ကြာအင်းဆိပ်ကြီး ကားလမ်းတစ်လျှောက်မှာ စစ်ကောင်စီနဲ့ ပတ်သက်တဲ့ ဂိတ်ပေါင်း ရှစ်ဂိတ်လောက်ရှိတယ်လို့လည်း ဆိုပါတယ်။

ဒီလမ်းတစ်လျှောက်ဟာ စစ်ကောင်စီရဲ့ နယ်မြေဖြစ်တာကြောင့် ဒေသခံကာကွယ်ရေး တပ်ဖွဲ့တွေ ဝင်ရောက်လှုပ်ရှားဖို့ မလွယ်ကူတဲ့နေရာတွေ ဖြစ်တယ်လို့ အဲဒီဒေသခံက ပြောပါတယ်။

ပြီးခဲ့တဲ့ မတ်လ ၁၂ ရက်နေ့ကလည်း ကော့ကရိတ်မြို့နယ်၊ မြဝတီ - ကော့ကရိတ် အာရှ လမ်းမကြီးပေါ်မှာ စစ်ကောင်စီတပ် ခြေလျင် ချီတက်လာပြီးနောက် လမ်းပိုင်းပေါ်မှာ ရှိနေတဲ့ ခရီးသည်ယာဉ်တစ်စီးနဲ့ ကုန်တင်ကား၊ အိမ်စီးကား အပါအဝင် ကားငါးစီး မီးလောင်ကျွမ်းခဲ့ရပါတယ်။

အဲဒီနေ့မတိုင်ခင်ကလည်း တောနော် သဘာဝရေတံခွန်အနီးက တံတား ဖောက်ခွဲခံခဲ့ ရတာကြောင့် အဲဒီတံတားပြင်မယ်ဆိုပြီး လက်ရှိ သွားလာခွင့် ပိတ်ထားပါတယ်။

https://www.rfa.org/burmese/news/two-bgf-death-in-kawkareik-03142022094822.html

---

## PDF နှင့် ပစ်ခတ်မှုဖြစ်ပြီးနောက် ဒေသခံရွာသား ၇ဦး အဖမ်းဆီးခံရ ၄ဦးသာ ပြန်လည်လွတ်မြောက်သေး

မတ်လ ၁၄ရက်၊ ၂၀၂၂ခုနှစ်။ ကေအိုင်စီ



(သမုတ်) သဝီ တဖၣ် ကဟဲ လူၤ ယု ဝဲ ဒၣ် အဝဲသ့ၣ်လၢထံကျိၤန့ၣ်လီၤ.

ဖဲ ၁၁.၃.၂၀၂၂အနံၤမုၢ်နၤခီ စံၤ၄၀အဆၢကတီၢ်အဆၢ ကတီၢ် ပယီၤသုး ဖိၣ် နၢ်ဝဲဒၣ် ( PDF)အပှၤ ၃ ဂၤယှၣ်လၢကွဲကလုၢ်ဟ်ဖျါထိၣ်တ့ၢ်အီၤ န့ၣ်တၢ် သ့ၣ်ညါဘၣ်လီၤတံၢ်ကွၤလၢခံမ့ၢ်ဒၣ်ပှၤသဝီဖိလၢအ အိၣ်လၢ လၢၢ်ဖးဒိၣ်တဖၣ် ဟဲဆှကဖိၣ်ဝံၤကွၤလၢ ကျဲအခါပယီၤသုးဖိၣ်နၢ်အဝဲသ့ၣ်န့ၣ်လီၤ.

တၢ်သ့ၣ်ညါ ဘၣ် စ့ၢ်ကီးလၢ သဝီ ဖိလၢ လၢၢ်ဖး ဒိၣ်တဂၤ(တၢ်တသ့ၣ်ညါအမံၤ)လီၤမၢ်ဖဲ ၁၀.၃.၂၀ ၂၂ အနံၤ ဖဲ တၢ်ခိးခးပယီၤသုး အသိလ့ၣ် ဖဲကဆီဖိယွၢ် န့ၣ်လီၤ. အဝဲဘၣ် ဖဲ ဟဲလၢကျဲ န့ၣ် တၢ်ဒုးကဲထိၣ်ဒီးအဝဲသ့ၣ်ဒီးယှၢ်ဒီး(ဟါမၢ်) ၃ သီ တဟဲကွၤပၢၢ်ထိၣ်ဇံးဘၣ်န့ၢ်လီၤ.

တနင်္သာရီတိုင်း၊ ဘိတ်-ထားဝယ်ခရိုင်၊ ပုလောမြို့နယ်အတွင်း ပြီးခဲ့သည့် မတ်လ ၁၀ရက်နေ့က ဒေသခံကာကွယ်ရေး တပ်ဖွဲ့-PDF နှင့် စစ်ကောင်စီအကြား ပစ်ခတ်မှုဖြစ်ပွားပြီးနောက် ဒေသခံရွာသား ၇ဦး အဖမ်းဆီးခံရပြီး ယမန်နေ့က ၅ ဦး ပြန်လည်လွတ်မြောက်လာသော်လည်း ၂ဦးမှာ ဆက်လက် ဖမ်းဆီးထားသေးကြောင်း ဒေသခံများထံမှ သိရသည်။

မတ်လ ၁၀ရက်နေ့က ကဆောဖိုးရွဲကျေးရွာအနီး စစ်ကောင်စီယာဉ်တန်းကို ဒေသခံ PDF တပ်ဖွဲ့မှ စောင့်ကြိုပစ်ခတ်မှု ဖြစ်ပွားပြီးနောက် ၎င်းတို့ယာဉ်တန်း သွားလာမှုကို သတင်းပေးကြောင်း သံသယဖြင့် ဘောမသီ ဒေသခံ စောထိန်ဝင်း နှင့် ကပြောင်ဒေသခံ စောလောင်းတို့ကို မတ်လ

၁၁ရက်နေ့က ဖမ်းဆီးခဲ့ပြီး နောက်ထပ် ဘောမသီ ဒေသခံ ၄ဦးနှင့် ကပြောင်ကျေးရွာအုပ်ချုပ်ရေးမှူးတစ်ဦး ထပ်မံ ဖမ်းဆီးခံခဲ့ရခြင်း ဖြစ်သည်ဟု ဒေသခံ အမျိုးသမီးတစ်ဦးက ယခုလို ပြောသည်။


ပယီၤသုးကၠၢဖီကဒိၣ်သဝီ
ဖိတၢဖၣ်

ကွဲးကဘျံၣ်
၁၃.၃.၂၀၂၂

ဎင်းက "အခု စစ်တပ်လက်ထဲမှာ ရှိနေတာက ၂ယောက်။ ပထမတစ်ဦးက စောလောင်း။ ကပြောင်ရွာမှာ နေတယ်။ အသက် ၂၈နှစ်ရှိပြီးတော့ သားသမီး ၄ယောက်ရှိတယ်။ သူ့ကို လမ်းမှာဖမ်းတာ။ ကဆောဖိုးရွဲနားမှာ အလုပ်သွားလုပ် ရင် ပြန်လာတော့ အဖမ်းခံရတာ။ သူ့ကိုဖမ်းပြီး ရိုက်နှက်စစ်ဆေးတော့ ကြောက်ကြောက်နဲ့ ပြန်ဖြေတာတွေက စကားတွေမှားတော့ အဖမ်းခံရတာ။ အခု သူ့ကို လမ်းပြအနေနဲ့ လုပ်ခိုင်းမယ်တဲ့။"ဟု ကေအိုင်စီသို့ ပြောသည်။

ထို့အပြင် ဖမ်းဆီးထိန်းသိမ်းခံထားရဆဲဖြစ်သည့် စောထိန်ဝင်းဆိုသူမှာလည်း စစ်ကောင်စီယာဉ်တန်း တိုက်ခိုက်ခံရမှု မှာ PDF များကို သတင်းပေးခြင်းဖြစ်ကြောင်း သံသယဖြင့် ဖမ်းဆီးလိုက်ခြင်းဖြစ်ပြီး ရိုက်နှက်စစ်ဆေးမှုများ ပြုလုပ်ခဲ့ ကြောင်းလည်း အဆိုပါဒေသခံ အမျိုးသမီးတစ်ဦးက ဆက်ပြောသည်။

ထပ်မံ ဖမ်းဆီးခံလိုက်ရသည့် ဘောမသီဒေသခံ ငါးဦးမှာ အသက် ၁၄နှစ်အရွယ် နော်မိမိ၊ အသက် ၃၆နှစ်အရွယ် နော် မေလေး၊ ကပြောင်ကျေးရွာအုပ်ချုပ်ရေးမှူး စောဝေါနှင့် ၎င်း၏သမီး နော်မမနှင့် ခရစ်ယာန်သင်းအုပ်ဆရာ စောကြာ လေးတို့ဖြစ်ပြီး ၎င်းတို့ကို စစ်ဆေးမေးမြန်းပြီးနောက် ပြန်လွှတ်ပေးလိုက်ပြီးဖြစ်သည်ဟု သိရသည်။

အဆိုပါ ပုလောဒေသ၌ ဒေသခံပုလော PDF အပြင် ကရင်အမျိုးသားအစည်းအရုံး-KNU ထိန်းချုပ်နယ်မြေအတွင်း ရှိနေ ပြီး ပြီးခဲ့လပိုင်းများတွင်လည်း မကြာခဏ တိုက်ပွဲဖြစ်ပွားခဲ့သဖြင့် ဒေသခံ အများအပြား ထွက်ပြေးတိမ်းရှောင်ရသလို ဖမ်းဆီးထိန်းသိမ်းခံရမှု၊ လူသားဒိုင်းပြုလုပ်ခံရမှု မကြာခဏ ဖြစ်ပွားလျက်ရှိသည်။

အလားတူ ယမန်နေ့ မတ်လ ၁၃ရက်ကလည်း ဘိတ်-ထားဝယ်ခရိုင် KNU တပ်မဟာ(၄)နယ်မြေရှိ ကရင်အမျိုးသား ကာကွယ်ရေးတပ်မတော်-KNDO အထူးတပ်ရင်းမှ ဗိုလ်အယ်ခ္ခီး ဦးဆောင်တပ်ဖွဲ့နှင့် စစ်ကောင်စီတပ်ဖွဲ့အကြား တစ်နာ ရီကျော်ကြာ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီထံမှ ဖ၈-မမတစ်လက်၊ RPG တစ်လက်၊ လက်နက်ငယ် ၄လက်၊ ပစ္စတို ၁လက်နှင့် တခြားဆက်စပ်ခဲယမ်းများ၊ ငွေသားကျပ် ၂သိန်းကျော်အပြင် တပ်တွင်းသုံး အပွင့်အခက်၊ အဆောင်အ ယောင်များပါ သိမ်းဆည်းရမိကြောင်း ဒေသတွင်း သတင်းအရင်းအမြစ်များမှတဆင့် သိရသည်။

[https://kicnews.org/2022/03/pdf-နှင့်-ပစ်ခတ်မှုဖြစ်ပြီ/](https://kicnews.org/2022/03/pdf-နှင့်-ပစ်ခတ်မှုဖြစ်ပြီ/)

---

## ပလက်ဝနှင့် မတူပီမြို့နယ် တိုက်ပွဲများတွင် စစ်ကောင်စီတပ်သား ၈ ဦး သေဆုံးဟု CDF - Paletwa ထုတ်ပြန်

By [မဇ္ဈိမ]() | 14 March 2022

ချင်းပြည်နယ် ၊ ပလက်ဝနှင့် မတူပီမြို့နယ်အတွင်း မတ်လ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် ဖြစ်ပွားခဲ့သည့် တိုက်ပွဲများ၌ စစ်ကောင်စီတပ်သား ရှစ်ဦး သေဆုံးကြောင်း ချင်းကာကွယ်ရေး တပ်ဖွဲ့ (ပလက်ဝ) CDF - Paletwa က ယနေ့ မတ်လ ၁၄ ရက်တွင် ထုတ်ပြန်သည်။

ချင်းကာကွယ်ရေးတပ်ဖွဲ့ ဘက်မှလည်း နှစ်ဦး ကျဆုံးပြီး တစ်ဦး ဒဏ်ရာ ရရှိခဲ့သည်ဟု ဆိုသည်။



ဓာတ်ပုံ - CDF - Paletwa တပ်ဖွဲ့ဝင်များ

"စစ်ခွေး (စစ်ကောင်စီ တပ်သား) တွေ လာတဲ့ သတင်းကို ကြိုတင်ရထားပြီး ကျွန်တော်တို့ ပူးပေါင်း တပ်ဖွဲ့တွေက စောင့်ကြို တိုက်ခိုက် ခဲ့ကြတာပါ" ဟု CDF - Paletwa ပြောရေးဆိုခွင့် ရှိသူ ပေါလ်က ပြောသည်။

မတူပီမြို့နယ် လိုင်လင်းပီမြို့မှ ထယ်ဘွေ့ စစ်စခန်းသို့ အင်အား ဖြည့်တင်းရန် လာသော စစ်ကောင်စီတပ် အင်အား ၁၅၀ ခန့်ကို စခီဟာ ကျေးရွာနှင့် လေးဖာလုံ အကြားနေရာ၌ မတ်လ ၁၂ ရက်တွင် မိုင်းဆွဲ တိုက်ခိုက်ရာ စစ်ကောင်စီတပ်မှ တစ်ဦး ကျဆုံးပြီး ငါးဦးထက် မနည်း ဒဏ်ရာ ရခဲ့သည်ဟု ဆိုသည်။ ထိုတိုက်ပွဲအတွင်း CDF - Paletwa ရဲဘော် ဆလိုင်းယေရှုလည်း ကျဆုံး ခဲ့သည်။

ထိုစစ်ကြောင်းကို မတ်လ ၁၃ ရက်နေ့တွင် မတူပီနှင့် ပလက်ဝနယ်စပ် လအူချောင်းအနီး၌ နံနက် ၉ နာရီမှ နေ့လယ် ၁၁ နာရီ အထိ တစ်ကြိမ် ၊ ညနေ ၃ နာရီ မှ ညနေ ၅ နာရီထိ တစ်ကြိမ် နှစ်ကြိမ် ထပ်မံ တိုက်ခိုက်ခဲ့သည်။ တိုက်ပွဲတွင် စစ်ကောင်စီတပ်သား ခုနစ်ဦး သေဆုံးပြီး ၁၀ ဦးကျော် ဒဏ်ရာ ရရှိသွားကာ ချင်းအမျိုးသား တပ်မတော် (CNA) ရဲဘော်တစ်ဦး ကျဆုံးခဲ့သည်။

တိုက်ပွဲအတွင်း စစ်ကောင်စီတပ်ဖွဲ့များက လက်နက်ကြီးများဖြင့် ပစ်ခတ်မှုကြောင့် တီဆော့ကုန်း ကျေးရွာရှိ ခရစ်ယာန် ဘုရားကျောင်း တစ်ဆောင် ၊ စာသင်ကျောင်း နှင့် လူနေအိမ် တစ်လုံး ထိခိုက် ပျက်စီးခဲ့သည်။

စစ်ကောင်စီ တပ်ဖွဲ့များ ချီတက်ရာ ထယ်ဘွေ့ စခန်း အဝင် လမ်းကြောင်း တစ်လျှောက်ကို ဒေသ ကာကွယ်ရေး တပ်ဖွဲ့များက ပိတ်ဆို့ထားဆဲ ဖြစ်သောကြောင့် တိုက်ပွဲများ ဆက်လက် ဖြစ်ပွားနိုင်ရန် ရှိနေသည်။ တိုက်ပွဲဖြစ်ပွားရာ အနီးနား ကျေးရွာများ ဖြစ်သော စခီဟာ နှင့် တီဆော့ကုန်း ကျေးရွာတို့မှ ဒေသခံများ စစ်ဘေး ရှောင်နေကြရသည်။

https://www.mizzimaburmese.com/article/101839

-----------------------------------------------------------------------------------------------

## ချင်းပြည်နယ် ရိခေါဒါရ်မြို့ခံတွေ အိန္ဒိယဘက် ဆက်လက်ထွက်ပြေးရ

2022.03.14



ချင်းပြည်နယ် ရိခေါဒါရ်မြို့ကို မြင်ရစဉ် Photo: Citizen Journalist

အိန္ဒိယ - မြန်မာ နယ်စပ်မြို့တစ်မြို့ဖြစ်တဲ့ ချင်းပြည်နယ် ရိခေါဒါရ်မြို့မှာ ဒေသခံ ချင်းပြည်သူ့ ကာကွယ်ရေးတပ်နဲ့ စစ်ကောင်စီတို့ကြား ပြီးခဲ့တဲ့ မတ်လ ၁၂ နဲ့ ၁၃ ရက်နေ့တွေမှာ တိုက်ပွဲ ပြင်းထန်ခဲ့ပါတယ်။

ဒီတိုက်ပွဲကြောင့် ဒေသခံ တစ်ထောင်နီးပါး ဘေးလွတ်ရာတွေကို ထပ်မံထွက်ပြေးနေရတယ်လို့ ဒေသခံတွေက RFA ကို ပြောပါတယ်။

လူဦးရေ ငါးထောင်ကျော်ပဲရှိတဲ့ ရိခေါဒါရ်မြို့မှာ အခုတလော တိုက်ပွဲတွေ ဆက်တိုက်ဖြစ်နေ တာကြောင့် မတ်လ ၁၄ ရက် ဒီကနေ့ အထိဆိုရင် အိုးအိမ်စွန့်ခွာ ထွက်ပြေးရတဲ့ ဒေသခံ ၄၀၀၀ ကျော် ရှိလာနေပြီလို့ အကူအညီပေးနေသူတွေက ပြောပါတယ်။

ဒေသခံတချို့ဟာ အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်ထဲကို ထွက်ပြေးကြသလို တချို့ကတော့ နယ်စပ်က တောတွေ၊ တောင်တွေထဲမှာ ပုန်းရှောင်နေကြရတာလို့ ဆိုပါတယ်။

လက်ရှိ ရိခေါဒါရ်မြို့ပေါ်မှာ လူသွားလူလာမရှိတော့သလို တိတ်ဆိတ်ငြိမ်သက်နေတယ်လို့ လုံခြုံရေးအရ အမည်မဖော်လိုတဲ့ ဒေသခံတစ်ဦးက RFA ကို ပြောပါတယ်။

“အခုရွာမှာ ဘယ်သူမှ မရှိတော့ဘူး။ ၉၀ ရာခိုင်နှုန်းလောက် ထွက်ပြေးကုန်ကြပြီ။ ရိခေါဒါရ်မှာက အိမ်စောင့်ဖို့ နေတဲ့သူတွေပဲ ရှိတော့တယ်။ ပိုက်ဆံရှိတဲ့သူတွေက မီဇိုရမ် ဇိုခေါထားမှာ အိမ်တွေ၊ မြေကွက်တွေ ဝယ်ကြတယ်။ မဝယ်နိုင်တဲ့သူတွေကတော့ နယ်စပ်တောထဲမှပဲ မိုးကာတဲနဲ့ နေတယ်”

ပြီးခဲ့တဲ့ မတ်လ ၅ ရက်နေ့ကစလို့ ဒေသခံ ချင်းပြည်သူ့ကာကွယ်ရေး ပူးပေါင်းတပ်ဖွဲ့နဲ့ စစ်ကောင်စီတပ်တို့ကြား အဲဒီဒေသမှာ တိုက်ပွဲတွေ ပြင်းထန်နေတာ ဖြစ်ပါတယ်။

ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) ရဲ့ မတ်လ ၁ ရက်နေ့ နောက်ဆုံးထုတ် စာရင်း အရ စစ်အာဏာသိမ်းပြီးနောက် နေရပ်စွန့်ခွာထွက်ပြေးရတဲ့ ဒုက္ခသည်ဦးရေဟာ ၅၀၃,၀၀၀ အထိ ရှိလာနေပြီဖြစ်ပါတယ်။

https://www.rfa.org/burmese/news/rikhawdar-residents-flee-to-india-03142022085248.html

---------------------------------------------------------------------------------------------------------

## နောင်ချိုမြို့နယ်တွင် ဖြစ်ပွါး   သည့်တိုက်ပွဲ၌ စစ်ကောင်စီတပ် စစ်ကြောင်းမှူးအပါအဝင် ၄၈ ဦးသေဆုံးကြောင်း NUG ထုတ်ပြန်

14 March 2022



*Photo - Source From Citizen Journalist*

ရှမ်းပြည်နယ်၊ နောင်ချိုမြို့နယ်တွင် စစ်ကောင်စီတပ်များနှင့်ပြည်သူ့ကာကွယ်ရေးတပ်တို့ တိုက်ပွဲဖြစ်ပွားရာ နှစ်ရက်အတွင်း ဖြစ်ပွါးသည့် တိုက်ပွဲတွင် စစ်ကောင်စီတပ်၏ စစ်ကြောင်းမှူးအပါအဝင် ၄၈ဦး သေဆုံးပြီး ၁၅ဦး ခန့် ဒဏ်ရာ ရရှိခဲ့ကြောင်း NUG၏ထုတ်ပြန်ချက်အရ သိရသည်။

မတ်လ ၁၃ ရက်နေ့ တိုက်ပွဲတွင် စစ်ကောင်စီ စစ်ကြောင်းမှူးကျဆုံးခဲ့ပြီး ၂၅ ဦးကျော်သေဆုံးကာ  ၁၅ဦးခန့် ဒဏ်ရာရရှိခဲ့ကာ မတ်လ ၁၄ ရက်နေ့၊ မနက် ၆ နာရီကျော်က ဖြစ်ပွားခဲ့သော ရင်ဆိုင်တိုက်ပွဲတွင် စစ်ကောင်စီတပ်သားများ အကျအဆုံးထပ်မံများပြားကြောင်း ကာကွယ်ရေးဝန်ကြီးဌာန၊ အမျိုးသားညီညွတ်ရေးအစိုးရ၏ ယနေ့ညထုတ်ပြန်သည့် စစ်ရေးသတင်းတွင် ထည့်သွင်းဖော်ပြထားသည်။

တိုက်ပွဲဖြစ်ပွားရာနေရာနှင့် ဖြစ်စဉ်အား အကျယ်ဖော်ပြထားခြင်းမရှိပေ။

ထိုတိုက်ပွဲနှင့်ပတ်သက်၍ ကာကွယ်ရေးဝန်ကြီးဌာန၊အမျိုးသားညီညွတ်ရေးအစိုးရသို့ ဆက်သွယ်မေးမြန်းထားသော်လည်း အကြောင်းပြန်ဖြေကြားခြင်းမရှိသေးပေ။ အသေးစိတ်သိရှိနိုင်ရေးအတွက် အဆက်သွယ်ရရှိရန် ကြိုးစားနေဆဲဖြစ်သည်။

မဇ္ဈိမအနေဖြင့် တိုက်ပွဲအကြောင်းအရာအား သီးခြားအတည်ပြုနိုင်ခြင်းမရှိသေးပေ။

ထိုသို့ အကျအဆုံးများလာသည့် စစ်ကောင်စီတပ်သည် ရဟတ်ယာဉ်နှစ်စီး အကူအညီခေါ်ကာ ရဟတ်ယာဉ်ပေါ်မှ ဗုံးသီးအလုံး ၃၀ ခန့် ကြဲချခြင်း၊ စက်သေနတ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းများပြုလုပ်ခဲ့ကြောင်း ထုတ်ပြန်ချက်တွင်ရေးသားထားသည်။

ထိုတိုက်ပွဲတွင် ပြည်သူ့ကာကွယ်ရေး တပ်သားများ အထိအခိုက်မရှိ ရင်ဆိုင်တိုက်ခိုက်နိုင်ခဲ့ကြောင်းလည်းဖော်ပြထားသည်။

https://www.mizzimaburmese.com/article/101885

----------------------------------------------------------------------------------------------------

## ယူကရိန်းကို အာရုံစိုက်လာသောကြောင့် မြန်မာအပေါ် အာရုံစိုက်မှုနည်းလာ

Jayanta Kalita | 14 March 2022

ယူကရိန်းကို ရုရှားက စစ်ရေးအရ ကျူးကျော်တိုက်ခိုက်ခြင်းအပေါ် ကမ္ဘာ့နိုင်ငံ အများအပြားက ပြတ်ပြတ်သားသား ပြစ်တင် ရှုတ်ချကြသည်။ အမေရိကန် ဦးဆောင်သော အနောက်အုပ်စုသည် မော်စကိုကို စီးပွားရေးအင်အား ချည့်နဲ့သွားစေရန်နှင့် ကမ္ဘာတွင် အထီးကျန်ထားရန်အတွက် အပြင်းထန်ဆုံးသော အရေးယူပိတ်ဆို့မှုများ ချမှတ်ခဲ့ကြသည်။

သို့သော် ရေရှည်ပြည်တွင်းစစ်အောက်တွင် ဖရိုဖရဲဖြစ်နေသော မြန်မာနှင့် ပတ်သက်လျှင် ထိုသို့သော သွေးစည်းချစ်ကြည်မှုမျိုး မတွေ့ရပေ။ အာရှသည် ဒီမိုကရေစီနှင့် တိုးတက်မှုအတွက် နှုတ်အားဖြင့် ပညာရပ်ဆိုင်ရာ ကူညီမှုသာပေးရမည့် ဆင်းရဲနွမ်းပါးသော ဒေသဖြစ်သည်ဆိုသည့် အနောက်နိုင်ငံများ၏ ပင်ကိုယ်အယူအဆကို ထိုအချက်က ပြသနေပါသလား။

ကုလသမဂ္ဂ၏ အခန်းကဏ္ဍသည် စိတ်ကျေနပ်ဖွယ် မရှိပေ။ တရားဥပဒေစိုးမိုးမှု၊ နိုင်ငံတကာ ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် နိုင်ငံရေးတည်ငြိမ်မှု အခြေခံတို့သည် တိုက်တခုတွင်သာမက တကမ္ဘာလုံးတွင် စိုးမိုးရေးကို အာမခံရန် ကုလသမဂ္ဂတွင် တာဝန်ရှိသည်။ ယူကရိန်း အကျပ်အတည်းတွင် ကုလသမဂ္ဂက ပြသလိုက်သည့် အရေးပါမှုမျိုးကို မြန်မာနိုင်ငံကိစ္စတွင် လုံးဝမတွေ့ရပေ။



ရုရှဗုံးများကြောင့် ထိခိုက်ပျက်စီးနေသော ယူကရိန်းမြို့တော် ကီယက်ဗ်တနေရာ/ AFP

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် မြန်မာစစ်ဗိုလ်ချုပ်များသည် ဒီမိုကရေစီနည်းကျ ရွေးချယ်တင်မြှောက်ထားသည့် အစိုးရကို ဖြုတ်ချလိုက်သောကြောင့် နိုင်ငံတဝှမ်း ဆန့်ကျင်ကန့်ကွက်မှုများနှင့် လူထုအာဏာဖီဆန်ရေး လှုပ်ရှားမှုကို ဖြစ်ပေါ်စေသည်။ ထိုအချိန်မှစတင်ပြီး စစ်ကောင်စီတပ်များသည် ဒီမိုကရေစီ တောင်းဆိုမှုများကို ဖိနှိပ်ရန် ရက်စက်ကြမ်းကြုတ်သော နှိမ်နင်းမှုများ ပြုလုပ်ပြီး လူပေါင်း ၁,၆၀၀ ကျော်ကို သတ်ဖြတ်ကာ အခြားသူ ၉,၅၀၀ ကျော်ကို ဖမ်းဆီးထားကြောင်း လေ့လာစောင့်ကြည့်သော အဖွဲ့အစည်းတခုဖြစ်သည့် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ အဆိုအရ သိရသည်။

ကျူးကျော်လာသော ရုရှားတပ်များကို ခုခံရန် ယူကရိန်းနိုင်ငံသားတို့ လက်နက်မဆွဲကိုင်မီ ရှည်ကြာသော ကာလကပင် မြန်မာနိုင်ငံမှ ဖြုတ်ချခံအစိုးရသည် ကျူးကျော်လာသော စစ်ကောင်စီကို တိုက်ခိုက်ရန် နိုင်ငံတဝှမ်းမှ အရပ်သားခုခံရေး အင်အားစု ရာပေါင်းများစွာ ပါဝင်သည့် ပြည်သူ့ကာကွယ်ရေးတပ် (PDF) ကို ဖွဲ့စည်းထားပြီး ဖြစ်သည်။ ထိုဖြစ်ရပ်များသည် အချိန်တိုအတွင်း ပြီးဆုံးဖွယ်မရှိသည့် ပြည်တွင်းစစ်ဆီသို့ ဦးတည်စေသည်။

သို့သော် မေးစရာရှိသည့် မေးခွန်းမှာ ကုလသမဂ္ဂသည် မြန်မာ့အရေးကို ကိုင်တွယ်ရာတွင် မည်သည့်အတွက် လက်ဦးမှု မရှိသနည်းဆိုသည့် မေးခွန်းဖြစ်သည်။ လူ့အခွင့်အရေးစောင့်ကြည့်အဖွဲ့ (HRW) မှ ကုလသမဂ္ဂဆိုင်ရာ ဒါရိုက်တာ မစ္စတာ လူးဝစ် ချာဘွန်နုက “မနှစ်က အာဏာသိမ်းပြီးနောက် ဖြစ်ပေါ်တဲ့ အကြမ်းဖက်မှုတွေအတွက် တံခါးဖွင့် အစည်းအဝေး ကျင်းပဖို့ ကုလသမဂ္ဂ လုံခြုံရေးကောင်စီကို တောင်းဆိုမှုတွေကို ဂရုမစိုက်ခဲ့ကြသလို အဖွဲ့အစည်း ဒါဇင်ပေါင်းများစွာက မြန်မာအပေါ် လက်နက်ရောင်းချမှု

ပိတ်ပင်ဖို့နဲ့ စစ်ကောင်စီ ခေါင်းဆောင်တွေနဲ့ စစ်တပ်ပိုင် ကုမ္ပဏီတွေကို ပစ်မှတ်ထား အရေးယူဖို့ တောင်းဆိုချက်တွေကိုလည်း အလေးမထားကြဘူး” ဟု ပြောသည်။

*ကျူးကျော်လာသော ရုရှားတပ်များကို ခုခံရန် ယူကရိန်းနိုင်ငံသားတို့ လက်နက်မဆွဲကိုင်မီ ရှည်ကြာသော ကာလကပင် မြန်မာနိုင်ငံမှ ဖြုတ်ချခံအစိုးရသည် ကျူးကျော်လာသော စစ်ကောင်စီကို တိုက်ခိုက်ရန် နိုင်ငံတဝှမ်းမှ အရပ်သားခုခံရေး အင်အားစု ရာပေါင်းများစွာ ပါဝင်သည့် ပြည်သူ့ကာကွယ်ရေးတပ် (PDF) ကို ဖွဲ့စည်းထားပြီး ဖြစ်သည်။ ထိုဖြစ်ရပ်များသည် အချိန်တိုအတွင်း ပြီးဆုံးဖွယ်မရှိသည့် ပြည်တွင်းစစ်ဆီသို့ ဦးတည်စေသည်။*

အမေရိကန်ပြည်ထောင်စု၊ ဗြိတိန်နှင့် ဥရောပသမဂ္ဂတို့က မြန်မာအပေါ် အရေးယူ ပိတ်ဆို့မှုများ ပြုလုပ်သော်လည်း လုံခြုံရေးကောင်စီတွင် ညှိနှိုင်းဆွေးနွေးရန် မည်သည့် နိုင်ငံကမှ ဆုံးဖြတ်ချက်မူကြမ်း တင်သွင်းခြင်း မရှိကြောင်း၊ တရုတ်နှင့် ရုရှားက ဗီတိုအာဏာဖြင့် ပယ်ချမည်ကို စိုးရိမ်သောကြောင့် ဖြစ်နိုင်ကြောင်းလည်း သူပြောသည်။

“ဒါပေမယ့် အရင်က ဗီတိုခြိမ်းခြောက်မှုဟာ သူတို့ကို ရပ်တန့်သွားအောင် မလုပ်နိုင်ခဲ့ဘူး။ ထုံးစံအားဖြင့် တရုတ်နိုင်ငံရဲ့ ထောက်ခံမှုနဲ့ ရုရှားနိုင်ငံက ၂၀၁၁ ခုနှစ် နောက်ပိုင်းမှာ ဆီးရီးယားနဲ့ ပတ်သက်တဲ့ ဆုံးဖြတ်ချက် ၁၆ ခုကို ဗီတိုအာဏာနဲ့ ပယ်ချခဲ့တယ်။ အမေရိကန် ပြည်ထောင်စုနဲ့ ဥရောပသမဂ္ဂတို့ရဲ့ ခေါင်းမာမှုကြောင့် နိုင်ငံတကာ အသိုက်အဝန်းဟာ အဲဒီပဋိပက္ခမှာ ပါဝင်ပတ်သက်သူတွေကို ပြင်းထန်တဲ့ လူ့အခွင့်အရေး ချိုးဖောက်မှုတွေအတွက် အရေးယူဖို့ နိုင်ငံတကာ အသိုက်အဝန်းက ဆုံးဖြတ်ထားကြောင်း ခိုင်မာတဲ့ သတင်းစကားကို ပေးပို့နိုင်ခဲ့တယ်” ဟု မစ္စတာ ချာဘွန်နုက ပြောသည်။



ယူကရိန်း အမျိုးသမီးစစ်သည်တဦး/AFP

**အနောက်မီဒီယာများ ဘက်လိုက်မှု**

ဒုတိယ ကမ္ဘာစစ်နောက်ပိုင်း ဥရောပနိုင်ငံတခုကို သမားရိုးကျ လက်နက်များဖြင့် အကြီးကျယ်ဆုံး တိုက်ခိုက်မှု ဖြစ်သည့် ရုရှား-ယူကရိန်းစစ်ပွဲကို အနောက်နိုင်ငံ လစ်ဘရယ် မီဒီယာများက ကျယ်ကျယ်ပြန့်ပြန့် သတင်း ဖော်ပြကြသည်။ သို့သော် ရုရှားက အိမ်နီးချင်းနိုင်ငံအပေါ် ကျူးလွန်သည့် လုပ်ရပ်များကို ရှုတ်ချသည့် သတင်းများ၊ အယ်ဒီတာ့ အာဘော်များသည် သတင်းဖော်ပြမှုနှင့် စပ်လျဉ်း၍ ဘက်လိုက်မှု၊ ဘက်မလိုက်မှုနှင့် ပတ်သက်သည့် မေးသင့်မေးထိုက်သည့် မေးခွန်းတခု ပေါ်ပေါက်စေခဲ့သည်။

ဥပမာအားဖြင့် ဆိုရပါက အနောက်နိုင်ငံများမှ ခေါင်းဆောင်များနှင့် မီဒီယာများသည် ယူကရိန်းကို ရုရှား၏တိုက်ခိုက်မှု ဆွေးနွေးရာတွင် လူမျိုးရေး၊ ဘာသာရေးကို အခြေခံပြီး ခွဲခြားဆက်ဆံသည့် ဘာသာစကားကို သုံးကြောင်း အာရပ်နှင့် အရှေ့အလယ်ပိုင်း သတင်းသမားများအသင်းက စွပ်စွဲသည်။

*အာရှအစိတ်အပိုင်း အများအပြားမှ ပဋိပက္ခများသည် အနောက်နိုင်ငံ မီဒီယာများတွင် လုံလောက်သော ဖော်ပြမှု မရရှိသောကြောင့် ထိုသုံးသပ်ချက်သည် ခိုင်မာသော သုံးသပ်ချက်ဖြစ်သည်။ ယူကရိန်းနှင့် မြန်မာအကြား သတင်းဖော်ပြချက်များတွင် ကွဲပြားမှုများကို ကြည့်နိုင်သည်။*

ရိုးသားတည်ကြည်မှု၊ ဘက်မလိုက်မှု၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ လူ့အခွင့်အရေးတို့နှင့် ပတ်သက်သည့် ဆွေးနွေးချက်များကို ၎င်းတို့အကျိုးစီးပွားနှင့် ကိုက်ညီမှသာ အသုံးပြုပြီး ထိုကိစ္စကို အနောက်နိုင်ငံ မီဒီယာများက ဆီးရီးယား၊ အီရတ်နှင့် အာဖဂန် ဒုက္ခသည်များအကြောင်း သတင်းဖော်ပြရာတွင် အထင်အရှား တွေ့ရကြောင်းနှင့် ယူကရိန်း ဒုက္ခသည်များနှင့် ပတ်သက်ပြီး သတင်းဖော်ပြရာတွင် ထိုအချက်သည် ထင်ရှားလာကြောင်း ဂျော်ဒန် သတင်းသမား ခါလက် ကျူဒါက ပြောသည်။

အာရှအစိတ်အပိုင်း အများအပြားမှ ပဋိပက္ခများသည် အနောက်နိုင်ငံ မီဒီယာများတွင် လုံလောက်သော ဖော်ပြမှု မရရှိသောကြောင့် ထိုသုံးသပ်ချက်သည် ခိုင်မာသော သုံးသပ်ချက်ဖြစ်သည်။ ယူကရိန်းနှင့် မြန်မာအကြား သတင်းဖော်ပြချက်များတွင် ကွဲပြားမှုများကို ကြည့်နိုင်သည်။ ဒစ်ဂျစ်တယ် စာမျက်နှာတွင် သေနတ်လွယ်ထားသည့် ယူကရိန်း အမျိုးသမီးငယ်များနှင့် သက်ကြီးရွယ်အိုများ သာမက စစ်ကြောင့် ဥရောပသို့ ထွက်ပြေးရသူများ ပုံများက လွှမ်းမိုးနေသည်။ သို့သော် မြန်မာနိုင်ငံမှ လူထုခုခံရေးလှုပ်ရှားမှု၊ ပြည်တွင်း နေရပ်စွန့်ခွာ ထွက်ပြေးရခြင်းနှင့် ဒုက္ခသည်များ၏ အလားတူ ပုံများကို ကမ္ဘာ့မီဒီယာတွင် အများအားဖြင့် မတွေ့ရပေ။



ယူကရိန်းက ပစ်ခတ်ဖျက်ဆီးသောကြောင့် ပျက်စီးနေသော ရုရှတင့်ကားတစီး/AFP

ယူကရိန်း သတင်းသမားတယောက်ကပင် လူမျိုးရေးဆန်သော လုပ်ဇာတ်များဟု ခေါ်သည့် ကိစ္စများအတွက် အနောက်တိုင်း သတင်းထောက်များကို ရှုတ်ချသည်။ “ထွက်ပြေးလာတဲ့ ယူကရိန်းတွေနဲ့ ယှဉ်လိုက်ရင် အရှေ့အလယ်ပိုင်း ဒုက္ခသည်တွေဟာ မယဉ်ကျေးတဲ့သူတွေ ဖြစ်တယ်လို့ရေးပြီး သူတို့ကိုယ်သူတို့ သတင်းထောက်လို့ ပြောရဲတဲ့သူတွေကို တွေ့ရလို့ လုံးဝတုန်လှုပ်မိတယ်” ဟု Kyiv Independent မှ ယူကရိန်း အမျိုးသမီး သတင်းထောက် အန်နာစတက်ဆီယာ လာပါတီနာက တွစ်တာတွင် ရေးသားသည်။ ထိုသို့သော လုပ်ဇာတ်မျိုးကို လက်ခံသူတိုင်းသည် လူမျိုးရေး တယူသန်သူများဖြစ်ပြီး လွန်စွာ ရက်ဖွယ်ဖြစ်ကြောင်းလည်း သူက ပြောသည်။

**အာရှနိုင်ငံများ၏ တုံ့ပြန်မှု**

ယူကရိန်း အကျပ်အတည်းနှင့် ပတ်သက်ပြီး အာရှနိုင်ငံများ၏ တုံ့ပြန်မှုသည် သိသိသာသာ ကွဲပြားနေသည်။ ဥပမာအားဖြင့် ဆိုရပါက တရုတ်၊ အိန္ဒိယနှင့် ပါကစ္စတန်တို့သည် မော်စကို၏ ကျူးကျော်မှုကို ရှုတ်ချသည့် အရေးပါသော ကုလသမဂ္ဂ အထွေထွေညီလာခံ ဆုံးဖြတ်ချက်ကို မဲမပေးဘဲနေကာ ရုရှားကို တိတ်တဆိတ် ထောက်ခံကြသည်။ အိန္ဒိယသည် တရုတ်နှင့် ပါကစ္စတန် စစ်မျက်နှာ ၂ ခုကို ရင်ဆိုင်နေရစေကာမူ ထိုသုံးနိုင်ငံသည် ရုရှားနှင့် နီးကပ်သော ဆက်ဆံရေးရှိသည့် နိုင်ငံများ ဖြစ်နေသည်။

***ယူကရိန်းကို ရုရှားကျူးကျော်ခြင်းသည် များပြားလှစွာသော ပထဝီ နိုင်ငံရေး အက်ကြောင်းများကို ဖော်ပြနေသည်။ ထို့အပြင် ယူကရိန်း စစ်ပွဲသည် အနောက်မီဒီယာများ၏ ပင်ကိုယ် ဘက်လိုက်မှုမှုနှင့် အာရှဒေသအတွက် သတင်းဖော်ပြမှု မလုံလောက်ခြင်းကိုလည်း ပြသနေသည်။***

အခြားတဘက်တွင် ဂျပန်နှင့် တောင်ကိုရီးယား ကဲ့သို့သော နိုင်ငံများကမူ ထိုဆုံးဖြတ်ချက်ကို ထောက်ခံမဲ ပေးကြသည်။ တိုကျိုသည် ယူကရိန်းသို့ ရွက်ဖျင်တဲများ၊ ဆောင်းရာသီ ဝတ်စုံများ၊ အရေးပေါ် အစားအသောက်များ၊ တကိုယ်ရည် ကျန်းမာရေး ကိရိယာများ၊ ကင်မရာများ၊ မီးစက်များကဲ့သို့သော တိုက်ခိုက်ရေးနှင့် မဆိုင်သည့် အကူအညီများအပြင် ကျည်ကာအင်္ကျီများနှင့် သံခမောက်များပင် ပေးပို့လိုက်ကြောင်း ကျိုဒိုသတင်းဌာန၏ အဆိုအရသိရသည်။

ထို့အပြင် အိန္ဒိယနိုင်ငံ၏ သဘောထားသည် နိုင်ငံတကာ ဆက်ဆံရေးတွင် လှေနံနှစ်ဘက် နင်းနေခြင်းကိုလည်း မီးမောင်းထိုးပြနေသည်။ မော်စကိုသည် အိန္ဒိယသို့ လက်နက်အများဆုံး ရောင်းချသော နိုင်ငံဖြစ်သောကြောင့် နယူးဒေလီသည် မော်စကိုကို ပစ်ပယ်နိုင်ခြင်း မရှိပေ။ အိန္ဒိယသည် ၎င်း၏ စစ်လက်နက်ပစ္စည်း ၆၅ ရာခိုင်နှုန်းကို မော်စကိုမှ တင်သွင်းနေရသည်။ တချိန်တည်းတွင် အိန္ဒိယသည် အင်ဒို-ပစိဖိတ်တွင် တရုတ်ဩဇာ ချဲ့ထွင်ခြင်းကို တန်ပြန်ရန် အမေရိကန်နှင့် အခြားသေနင်္ဂဟာမဟာမိတ်များဖြစ်သော ဂျပန်၊ ဩစတြေးလျ တို့နှင့်အတူ လေးပွင့်ဆိုင်လုံခြုံရေး ဆွေးနွေးမှုအဖွဲ့ (QUAD) တွင်လည်း ပါဝင်နေသည်။



မြန်မာအကျပ်အတည်းတွင်လည်း အိန္ဒိယသည် စစ်အာဏာသိမ်းမှုအတွက် မြန်မာစစ်ဗိုလ်ချုပ်များကို မရှုတ်ချဘဲ အလားတူ ပြဿနာကို ရင်ဆိုင်ရပြီး မြန်မာနိုင်ငံတွင် ဒီမိုကရေစီ ပြန်လည် ထိန်းသိမ်းရေးကိုသာ တောင်းဆိုနေရသည်။

ထို့အပြင် ရုရှားသည် မြန်မာစစ်ကောင်စီသို့ လက်နက်များ ထောက်ပံ့နေပြီး မြန်မာတွင် ကျူးလွန်နေသည့် အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုများကို သွယ်ဝိုက်အကျိုးပြုနေကြောင်း စွပ်စွဲခံရသည်။

ထိုသို့ဆိုသောကြောင့် ယူကရိန်းကို ရုရှားကျူးကျော်ခြင်းသည် များပြားလှစွာသော ပထဝီ နိုင်ငံရေး အက်ကြောင်းများကို ဖော်ပြနေသည်။ ထို့အပြင် ယူကရိန်း စစ်ပွဲသည် အနောက်မီဒီယာများ၏ ပင်ကိုယ် ဘက်လိုက်မှုမှုနှင့် အာရှဒေသအတွက် သတင်းဖော်ပြမှု မလုံလောက်ခြင်းကိုလည်း ပြသနေသည်။

(ဂျာယန်တာ ကာလီတာ (Jayanta Kalita) သည် နယူးဒေလီအခြေစိုက် ဝါရင့်သတင်းထောက်နှင့် စာရေးဆရာ ဖြစ်သည်။ သူသည် အိန္ဒိယ အရှေ့မြောက်နှင့် ပတ်ဝန်းကျင် ဒေသများအရေးကို အထူးပြုရေးသားသည်။ ယခုဆောင်းပါးသည် သူ၏ အမြင်သာဖြစ်သည်။ ဧရာဝတီ အင်္ဂလိပ်ပိုင်းပါ With Ukraine in the Limelight, Spotlight on Myanmar Fades ကို ဘာသာပြန်သည်။)

https://burma.irrawaddy.com/opinion/viewpoint/2022/03/14/250566.html

-----------------------------------------------------------------------------------------------

## နောက်တက်မယ့် တပ်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်းလား

By ဧရာဝတီ | 14 March 2022

လက်ရှိစစ်ခေါင်းဆောင်များထဲတွင် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ဓာတ်ပုံကို ခေါင်းရင်းတွင် ထားအိပ်သူ တဦးရှိသည်။ ထိုသူမှာ တခြားလူမဟုတ်။ လက်ရှိ စစ်ကောင်စီအဖွဲ့တွင် အသက်အငယ်ဆုံးအဖွဲ့ဝင်ဖြစ်သူ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်းဖြစ်သည်။ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်းသည် စစ်ဘက်ရာထူးတွင်လည်း ဗိုလ်ချုပ်မင်းအောင်လှိုင်လက်ထက်တွင် အသက်အငယ်ဆုံး တပ်မှူးဖြစ်ခဲ့သူလည်း ဖြစ်သည်။

“စကခမှူးဖြစ်တုန်းက တပ်ချုပ် (ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်) ပုံကို ခေါင်းရင်းမှာထားပြီး အိပ်တာ။ ဘုရားလို ကိုးကွယ်တာပေါ့” ဟု ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၏ တပ်တွင် ဝန်ထမ်းဆောင်ခဲ့သူ ဗိုလ်ကြီးတဦးက ပြောသည်။

*ထိုအချိန်က တပ်မှူးဖြစ်သူ ဗိုလ်မှူးကြီးမိုးမြင့်ထွန်းသည် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ဓာတ်ပုံကို သူအိပ်သည့် ခေါင်းရင်းတွင်ချိတ်ဆွဲထားသည်ဟု ဗိုလ်မှူးကြီးမိုးမြင့်ထွန်းနှင့်အတူ စကခ ၄ တွင် တာဝန်ထမ်းဆောင်ခဲ့သည့် အရာရှိတချို့က ဆိုသည်။*

ဒုတိယ ဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်းသည် ၂၀၁၁ ခုနှစ်ဝန်းကျင်က ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်နှင့် တိုက်ကြီးမြို့နယ် အကြားတွင်ရှိသော ဖူးကြီးဒေသတွင် အခြေစိုက်သည့် အမှတ် ၄ စစ်ဆင်ရေးကွပ်ကဲမှု ဌာနချုပ်တွင် ဌာနချုပ်မှူး (တပ်မမှူး) တာဝန်ကို ထမ်းဆောင်ခဲ့သည်။ ထိုအချိန်က တပ်မှူးဖြစ်သူ ဗိုလ်မှူးကြီးမိုးမြင့်ထွန်းသည် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ဓာတ်ပုံကို သူအိပ်သည့် ခေါင်းရင်းတွင်ချိတ်ဆွဲထားသည်ဟု ဗိုလ်မှူးကြီးမိုးမြင့်ထွန်းနှင့်အတူ စကခ ၄ တွင် တာဝန်ထမ်းဆောင်ခဲ့သည့် အရာရှိတချို့က ဆိုသည်။

ဗိုလ်ချုပ်မိုးမြင့်ထွန်းသည် စစ်ဆင်ရေး အုပ်ချုပ်ရေး လုပ်ငန်းများတွင် ထူးထူးချွန်ချွန် လုပ်ဆောင်ခဲ့သည့် မှတ်တမ်းများမရှိသော်လည်း ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လက်ထက်တွင် အချိန်တိုအတွင်း

ရာထူးအဆင့်ဆင့်တိုးကာ လက်ရှိ စစ်ကောင်စီတွင် အသက်အငယ်ဆုံး အဖွဲ့ဝင်ဖြစ်နေသည်။ ထို့အပြင် ၎င်းသည် စစ်တပ်တွင်လည်း စစ်ဆင်ရေးကို ကွပ်ကဲရသည့် နံပါတ်လေးခေါင်းဆောင်ဖြစ်သော စစ်ဦးစီးအရာရှိချုပ် (ကြည်း) တာဝန် ပေးအပ်ခြင်း ခံထားရသည်။

**နေရာကောင်းများသာ နေခဲ့ရသူ**

ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်းကို ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့တွင် ၁၉၆၈ ခုနှစ်တွင် မွေးဖွားသည်။ ၎င်းတွင် မွေးချင်းသုံးယောက်ရှိသည်။ သူသည် စစ်တက္ကသိုလ်အပတ်စဉ် ၃၀ (DSA-30) တွင် တက်ရောက်ခဲ့ပြီး အရာရှိငယ်ဘဝ၏ အချိန်အများစုသည် စစ်ရုံးတွင် တာဝန်ထမ်းဆောင်ရင်းဖြင့်သာ ကုန်ဆုံးခဲ့ရသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးကောင်စီ-နဝတခေတ်တွင် ဒု တပ်ချုပ် တာဝန်ယူခဲ့သော ဗိုလ်ချုပ်ကြီး မောင်အေး၏ ရုံးတွင် ဗိုလ်ကြီးရာထူးဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ထိုကဲ့သို့ တာဝန်ထမ်းဆောင်နေစဉ်အတွင်း ဗိုလ်ချုပ်ကြီး မောင်အေး၏ ကိုယ်ရေးအရာရှိ ဗိုလ်ကြီးဝင်းထွန်း သေဆုံးပြီးနောက် ဗိုလ်ကြီးမိုးမြင့်ထွန်းမှာ ဗိုလ်ချုပ်ကြီး မောင်အေး၏ ကိုယ်ရေးအရာရှိ ဖြစ်လာခဲ့သည်။

ထိုမှတဆင့် ဗိုလ်မှူးအပွင့်တင်ရန်အတွက် ပုသိမ်မြို့ ဝါးယားချောင်းဒေသတွင် အခြေစိုက်သော ခလရ ၁၁ တပ်ရင်းတွင် တပ်ခွဲမှူးဗိုလ်မှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

စစ်တပ်၏ ရာထူးတိုးပေးရေး လုပ်ထုံးလုပ်နည်းများအရ ဗိုလ်ကြီးရာထူးမှနေ၍ ဗိုလ်မှူးအပွင့်တင်လိုလျှင် စစ်ရုံးချုပ်မှ တပ်ရင်းတပ်ဖွဲ့များသို့ ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ကြရသည်။ ဗိုလ်မှူးမိုးမြင့်ထွန်းမှာမူ ဗိုလ်မှူးအပွင့်တင်ပြီးသည့်နောက် စစ်ရုံးချုပ် ကကကြည်းတွင် စစ်ဦးစီးဒုတိယတန်း (G-2) တာဝန်ကို ပြန်လည် ထမ်းဆောင်ရပြန်သည်။

ထိုမှတဆင့် ရာထူးတိုးကာ ဒုတိယဗိုလ်မှူးကြီးရာထူးဖြင့် နေပြည်တော်အနီးတွင်ရှိသော ပေါင်း လောင်းဒေသ အခြေစိုက် အမှတ် ၃၀၃ ခြေမြန်တပ်ရင်းတွင် တပ်ရင်းမှူး တာဝန်ကို ထမ်းဆောင်ခဲ့သည်။ အမှတ် ၃၀၃ ခြေမြန်တပ်ရင်းသည်နေပြည်တော်တွင်ရှိသာ နဝတ ခေါင်းဆောင်များ၏ လုံခြုံရေးကိုအဓိက တာဝန်ယူရ သော တပ်ရင်းဖြစ်သည်။

*"ဗိုလ်ကြီးကနေ ဗိုလ်ချုပ်ဖြစ်တဲ့အထိ နေရာကောင်းတွေမှာပဲ နေခဲ့ရတာ။ တာဝန်ကျတဲ့နေရာတွေကလည်း မြို့ကြီးတွေနဲ့နီးတဲ့ နေရာတွေမှာပဲ။ လူသူဝေးတဲ့နေရာတွေမှာ တာဝန်ကျခဲ့တာမရှိဘူး။ စစ်တိုက်ဖူးတယ်လို့လည်း တခါမှ မကြားဖူးဘူး" ဟု ဒုတိယဗိုလ်ချုပ်ကြီး (ငြိမ်း) တဦးက မှတ်ချက်ပေးသည်။*

"ဗိုလ်ကြီးကနေ ဗိုလ်ချုပ်ဖြစ်တဲ့အထိ နေရာကောင်းတွေမှာပဲ နေခဲ့ရတာ။ တာဝန်ကျတဲ့နေရာတွေကလည်း မြို့ကြီးတွေနဲ့နီးတဲ့ နေရာတွေမှာပဲ။ လူသူဝေးတဲ့နေရာတွေမှာ တာဝန်ကျခဲ့တာမရှိဘူး။ စစ်တိုက်ဖူးတယ်လို့လည်း တခါမှ မကြားဖူးဘူး" ဟု ဒုတိယဗိုလ်ချုပ်ကြီး (ငြိမ်း) တဦးက မှတ်ချက်ပေးသည်။

သို့သော် ဗိုလ်ချုပ်မိုးမြင့်ထွန်းသည် အမှတ် ၄ စစ်ဆင်ရေးကွပ်ကဲမှု ဌာနချုပ် (စကခ-၄) တွင် တပ်မမှူးအဖြစ် တာဝန်ထမ်းဆောင်စဉ်က ကရင်ပြည်နယ်အတွင်း စစ်ဆင်ရေးဝင်ခဲ့သည်။ ဗိုလ်ချုပ်မိုးမြင့်ထွန်း ဦးဆောင်သော တပ်မ ကရင်ပြည်နယ်အတွင်း စစ်ဆင်ရေးဝင်သည့်အချိန်သည် KNU နှင့် သမ္မတဦးသိန်းစိန်အစိုးရတို့ အကြား ပြည်နယ်အဆင့် အပစ်အခတ်ရပ်စဲရေး လက်မှတ်ထိုးထားသည့် ကာလဖြစ်သည်။ ထို့ကြောင့် တိုက်ပွဲဖြစ်ပွားခဲ့ခြင်း မရှိခဲ့ပေ။

သို့သော် ထိုဒေသတွင် ရှေ့တန်း စစ်ဆင်ရေး ဝင်နေသည့် စကခ ၄ အောက်မှ အရာရှိတဦး သစ်ခုတ်ဝါးခုတ်ရင်း မိုင်းနင်းမိသည့်ကိစ္စ ဖြစ်ခဲ့သည်။ အဆိုပါအရာရှိ မိုင်းနင်းမိသည့်အချိန်သည် တပ်မမှူး ဗိုလ်မှူးကြီးမိုးမြင့်ထွန်း လေးလပတ်အစည်းအဝေး တက်နေသည့် အချိန်နှင့် တိုက်ဆိုင်နေသည်။ ထို့ကြောင့် အဆိုပါ အရာရှိ မိုင်းနင်းမိသည့်ဖြစ်ရပ်ကို အထက်သို့ မတင်ပြရန်ညွှန်ကြားခဲ့သည်ဟု အဆိုပါတပ်ရင်းတွင် တာဝန်ထမ်းဆောင်ခဲ့သည် ဗိုလ်ကြီးတဦးက ပြန်ပြောပြသည်။

“ရာထူးတော့ အရမ်းလိုချင်တယ်။ လက်အောက်ကိုတော့ ချနင်းတယ်။ မိုင်းနင်းမိတာကို လုံးဝ မတင်ပြခိုင်းဘူး။ အထက်ဖား အောက်ဖိပဲ” ဟု တပ်မှူးဗိုလ်မှူးကြီးမိုးမြင့်ထွန်း အောက်တွင် တာဝန်ထမ်းဆောင်ခဲ့သည့် ဗိုလ်ကြီးတဦးက မှတ်ချက်ပြုသည်။ သို့သော် အလွန်ဆိုးရွားသည့် စစ်ခေါင်းဆောင်မျိုးလည်း မဟုတ်ဟု သူက ဆက်ပြောသည်။

**အသက်အငယ်ဆုံး တိုင်းမှူး**

ဗိုလ်ချုပ်မိုးမြင့်ထွန်း အနေဖြင့် စကခ ၄ တွင် တပ်မမှူးတာဝန် ထမ်းဆောင်နေစဉ် မိတ္ထီလာ အဓိကရုဏ်းကို ဖြေရှင်းရန် တာဝန်ပေးခြင်း ခံခဲ့ရသည်။ သမ္မတဦးသိန်းစိန် အစိုးရလက်ထက်၊ ၂၀၁၃ ခုနှစ် မတ်လလယ်တွင် ဖြစ်ပွားခဲ့သော မိတ္ထီလာ အရေးအခင်းတွင် အစိုးရအနေဖြင့် မိတ္ထီလာ၊ မလှိုင်၊ ဝမ်းတွင်းနှင့် သာစည် လေးမြို့နယ်တို့ကို အရေးပေါ်အခြေအနေ ကြေညာခဲ့ပြီး စစ်တပ်အကူအညီဖြင့် လုံခြုံရေးကိစ္စများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ အစိုးရက အကူအညီတောင်းသဖြင့် တပ်မမှူး ဗိုလ်မှူးကြီးမိုးမြင့်ထွန်း ဦးဆောင်ကာ အမှတ် ၄ စစ်ဆင်ရေးဌာနချုပ်လက်အောက်ခံ တပ်များဖြင့် နယ်မြေလုံခြုံရေး သွားရောက်ဆောင်ရွက် ပေးခဲ့ရသည်။

သို့သော်လည်း မိတ္ထီလာမြို့နယ်တွင် ဖြစ်ပွားသော ပဋိပက္ခနှင့်ပတ်သက်၍ လုံခြုံရေးတာဝန်ယူထားသော အဖွဲ့အစည်းများ၏ လုပ်ပုံကိုင်ပုံနှင့် စွမ်းဆောင်ရည်ကို ထိုအချိန်က ပြည်သူအများစုက မေးခွန်းထုတ်ခဲ့ကြသည်။

ပဋိပက္ခကြား လူအုပ်စုများအား လူစုခွဲရာတွင်လည်းကောင်းတားဆီးရာတွင်သော်လည်း လုံခြုံရေး တာဝန်ယူထားသော လက်နက်ကိုင်အဖွဲ့အစည်းများက ထိထိရောက်ရောက် မဆောင်ရွက်ခဲ့သဖြင့် သေဆုံးပျက်ဆီးသူ များခဲ့ရသည်ဟု ဝေဖန်မှုများ ရှိခဲ့သည်။

ဗိုလ်ချုပ်မိုးမြင့်ထွန်း စကခ ၄ ၏ တပ်မမှူး တာဝန်ထမ်းဆောင်နေစဉ်အတွင်း မော်ဘီမြို့နယ်အတွင်း မြေသိမ်းယာသိမ်း ကိစ္စများဖြစ်ခဲ့သည်။

*“သူ့အောက်က ဗျူဟာမှူးတွေ၊ တပ်ရင်းမှူးတွေကို ခွဲဝေပေးမယ်ဆိုပြီး ပြည်သူပိုင်မြေတွေကို သိမ်းတာ။ သမ္မတ ဦးသိန်းစိန်အစိုးရ လက်ထက်မှာ အတိုင်ခံရလို့ ပြန်ပေးလိုက်ရတယ်” ဟု စကခ ၄ တွင် တာဝန်ထမ်းဆောင်နေသော တပ်မတော်အရာရှိ တဦးက ဆိုသည်။*

“သူ့အောက်က ဗျူဟာမှူးတွေ၊ တပ်ရင်းမှူးတွေကို ခွဲဝေပေးမယ်ဆိုပြီး ပြည်သူပိုင်မြေတွေကို သိမ်းတာ။ သမ္မတ ဦးသိန်းစိန်အစိုးရ လက်ထက်မှာ အတိုင်ခံရလို့ ပြန်ပေးလိုက်ရတယ်” ဟု စကခ ၄ တွင် တာဝန်ထမ်းဆောင်နေသော တပ်မတော်အရာရှိ တဦးက ဆိုသည်။

သို့သော် ဖူးကြီးနှင့် ချိုးဖြူ ဒေသများတွင် နှစ်ရှည်ပင်များစိုက်ရန် ဂရုံဖောက်ကာ ရယူထားသည့် မြေလွတ်မြေရိုင်းများကိုမူ မူရင်းတောင်သူများထံ ပြန်မပေးခဲ့ကြောင်းလည်း အဆိုပါအရာရှိက ဆိုသည်။

စကခ ၄ တွင် တပ်မှူးတာဝန်ထမ်းနေသော ဗိုလ်မှူးကြီးမိုးမြင့်ထွန်းသည် မိတ္ထီလာ အရေးအခင်း ကိုင်တွယ်ဖြေရှင်းပြီးနောက် နေပြည်တော် ပျဉ်းမနားမြို့အခြေစိုက် အမှတ် (၆) စစ်ဆင်ရေး ကွပ်ကဲမှု ဌာနချုပ် (စကခ-၆) တွင် ဌာနချုပ်မှူးအဖြစ် ပြောင်းလဲ တာဝန်ထမ်းဆောင်ခဲ့ရသည်။ ထို့နောက် ကကကြည်းတွင် စစ်ဦးစီးဗိုလ်မှူးချုပ် ဖြစ်လာခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဖြစ်လာခဲ့သည်။

ထိုအချိန်က တိုင်းမှူးတာဝန်ထမ်းဆောင်နေသော ဗိုလ်ချုပ်များထဲတွင် ဗိုလ်ချုပ်မိုးမြင့်ထွန်းသည် အသက် ၄၇ နှစ်သာ ရှိသေးပြီး အသက်အငယ်ဆုံး တိုင်းမှူး ဖြစ်ခဲ့သည်။ တိုင်းမှူးတာဝန်ကို နှစ်နှစ်ကျော် ထမ်းဆောင်ပြီး ၂၀၁၇ ခုနှစ်တွင် ရာထူးတိုးကာ စစ်ဦးစီးအရာရှိချုပ် (ကြည်း) နှင့် အမှတ် (၆) စစ်ဆင်ရေး အထူးအဖွဲ့မှူး တာဝန်ကိုပါ ပူးတွဲတာဝန်ယူရသည့် ဒုတိယဗိုလ်ချုပ်ကြီး ဖြစ်လာခဲ့သည်။



၂၀၂၀ မတ်လအတွင်း ကောင်းခါးပြည်သူ့စစ်များထံမှ မူးယစ်ဆေးဝါးများအား ဖမ်းဆီးရမိခဲ့စဉ်

ထို့နောက် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် TNLA အပါအဝင် ညီနောင်မဟာမိတ် အဖွဲ့နှင့် တိုက်ပွဲပြင်းထန်သည့် အချိန်တွင် ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်းအား ရှမ်းမြောက်ဒေသ စစ်ဆင်ရေးတွင် တာဝန်ယူရသည့် ကစထ ( ၂ ) မှူး အဖြစ် ပြောင်းလဲတာဝန်ပေးခဲ့သည်။ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည်လည်း တပ်ချုပ်မဖြစ်ခင် ကစထ (၂) မှူး တာဝန်ထမ်းဆောင်ခဲ့သေးသည်။

ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း ကစထ (၂) မှူး တာဝန်ထမ်းဆောင်နေစဉ်အတွင်း ရှမ်းပြည်မြောက်ပိုင်း၊ ကွတ်ခိုင်ဒေသတွင် အခြေစိုက်သည့် ကောင်းခါး ပြည်သူ့စစ်အဖွဲ့၏ လက်နက်၊ မူးယစ်ဆေးဝါးများနှင့် ခေါင်းဆောင်များကို ဖမ်းဆီးခဲ့ပြီး အဆိုပါ ပြည်သူ့စစ်အဖွဲ့ကို ဖျက်သိမ်းနိုင်ခဲ့သည်။

ထို့အပြင် ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း ကစထ ( ၂ ) မှူး တာဝန်ယူနေသည့် ၂၀၁၉ ခုနှစ်ကုန်ပိုင်းတွင်လည်း TNLA အဖွဲ့ထံမှ လေယာဉ်ပစ် လောင်ချာအပါအဝင် လက်နက် တရာကျော်ဖမ်းဆီးရမိခဲ့သည်။



၂၀၁၉ နိုဝင်ဘာလအတွင်း TNLA ထံမှ လေယာဉ်ပစ်လောင်ချာအပါအဝင် လက်နက်များ စစ်တပ်က ဖမ်းဆီးရခဲ့စဉ်/ ဧရာဝတီ

ယင်းတို့သည် ၎င်း၏ စစ်သက်တလျှောက် မြင်သာထင်သာရှိသော အောင်မြင်မှုများ ဖြစ်သည်။

**နိုင်ငံတော်သမ္မတကို ဖမ်းဆီးသူ**

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက် စစ်တပ်က အာဏာသိမ်းသောညက နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီးကို သွားရောက်ဖမ်းဆီးသည့် အဖွဲ့အား ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်းက ဦးဆောင်ခဲ့သည်။

ထိုညက သမ္မတဦးဝင်းမြင့်အား ကျန်းမာရေးအကြောင်းပြပြီး နုတ်ထွက်ခိုင်းရာ ဦးဝင်းမြင့်က အသက်သာ အသေခံမယ်၊ နုတ်ထွက်မပေးနိုင်ကြောင်း ပြန်ပြောခဲ့သည်။

"အဲဒီညက သမ္မတကြီးကို ခင်ဗျားတို့ တော်တော်လူပါးဝတယ်လို့ ပြောခဲ့တာ သူ (ဒုတိယ ဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း) ပေါ့" ဟု တပ်မတော်အရာရှိ တဦးက ဆိုသည်။

***စစ်တပ်က အာဏာသိမ်းပြီးနောက် ဖွဲ့စည်းလိုက်သော စစ်ကောင်စီတွင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်းသည် ကောင်စီဝင် ဖြစ်လာခဲ့ပြီး မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်ဥက္ကဋ္ဌ အဖြစ်ပါ တာဝန်ပေးခြင်း ခံရသည်။***

စစ်တပ်က အာဏာသိမ်းပြီးနောက် ဖွဲ့စည်းလိုက်သော စစ်ကောင်စီတွင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်းသည် ကောင်စီဝင် ဖြစ်လာခဲ့ပြီး မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်ဥက္ကဋ္ဌ အဖြစ်ပါ တာဝန်ပေးခြင်း ခံရသည်။

သို့သော် စစ်ဘက်တွင် ကစထမှူး တာဝန်ကို စွန့်လွှတ်ခဲ့ပြီး စစ်ဦးစီးအရာရှိချုပ် (ကြည်း) တာဝန်ကိုသာ ရယူထားသည်။ စစ်ဦးစီးအရာရှိချုပ် (ကြည်း) ရာထူးသည် စစ်တပ်တွင် စစ်ဆင်ရေးလုပ်ငန်းများအား ကြီးကြပ်ရပြီး စစ်တပ်တွင် နံပါတ်လေးအဆင့် ရှိသူဖြစ်သည်။

ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်းသည် စစ်ကောင်စီအဖွဲ့ဝင် ဖြစ်လာပြီးနောက် သမ္မတ ဦးသိန်းစိန်အစိုးရ လက်ထက်တွင် ရာထူးမှ ထုတ်ပယ်ခြင်း ခံခဲ့ရသော စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန (စီးကူး) မှ ညွှန်ကြားရေးမှူး ဦးညွှန့်အောင်ကို စီးကူး ဒုဝန်ကြီးအဖြစ် ပြန်လည်ခန့်အပ်ခဲ့သည်။ ဦးညွှန့်အောင်နှင့် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်းတို့သည် စစ်တက္ကသိုလ် တပတ်စဉ်တည်း တက်ခဲ့ကြသူများ ဖြစ်သည်။

ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်းသည် စစ်တပ်က အာဏာသိမ်းပြီးနောက်ပိုင်း မြန်မာနိုင်ငံ၏ စီးပွားရေးနှင့်ဆိုင်သော လုပ်ငန်းများကို အဓိက တာဝန်ယူထားသူဖြစ်သည်။ ဗိုလ်ချုပ်မောင်အေး၏ ကိုယ်ရေးအရာရှိတာဝန် ယူခဲ့သည့်အတွက် KBZ ဘဏ်အကြီးအကဲ ဦးအောင်ကိုဝင်း၊ Htoo ကုမ္ပဏီ အကြီးအကဲ ဦးတေဇတို့နှင့် ရင်းနှီးခဲ့သူလည်း ဖြစ်သည်။

"သားသမီးတွေက ငယ်သေးတော့ ကုမ္ပဏီထောင်တာတွေ ဘာတွေတော့ အသံမထွက်သေးဘူး" ဟု စီးပွားရေး လုပ်ငန်းရှင်တဦးက ဆိုသည်။ သို့သော် ဗိုလ်ချုပ်မိုးမြင့်ထွန်းသည်လည်း စီးပွားရေးလုပ်ငန်း စိတ်ဝင်စားသူ တဦးဖြစ်သည်ဟု ၎င်းက မှတ်ချက်ပြုသည်။

လက်ရှိ စစ်ကောင်စီအဖွဲ့ဝင်များထဲတွင် စစ်ဘက်နှင့် အရပ်ဘက်တာဝန် နှစ်ခုကို ပူးတွဲတာဝန်ယူထားသည့် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်းသည် စစ်ခေါင်းဆောင်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ယုံကြည်စိတ်ချရသော တပည့်အရင်းတဦး ဖြစ်သည်။
သို့သော်လည်း သူ၏အသက်မှာ ၅၄ နှစ်သာ ရှိသေးပြီး စစ်ခေါင်းဆောင်နှင့် အသက် ၁၀ နှစ်ကျော် ကွာဟသည်။

*ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အနေဖြင့် သူ့အစီအစဉ်အတိုင်း ရွေးကောက်ပွဲကျင်းပကာ သူ သမ္မတတာဝန် ထမ်းဆောင်ပါက လစ်လပ်သွားသော တပ်ချုပ်နေရာကို ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်းအား လွှာထားရန် စီစဉ်ထားခြင်းဖြစ်နိုင်သည်။*

ထို့ကြောင့် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အနေဖြင့် သူ့အစီအစဉ်အတိုင်း ရွေးကောက်ပွဲကျင်းပကာ သူ သမ္မတတာဝန် ထမ်းဆောင်ပါက လစ်လပ်သွားသော တပ်ချုပ်နေရာကို ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်းအား လွှာထားရန် စီစဉ်ထားခြင်းဖြစ်နိုင်သည်။

ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည်လည်း သူ အနားယူသည့်အချိန် သူ့အရိုက်အရာ ဆက်ခံမည့်သူအား ဒုတိယဗိုလ်ချုပ်ကြီးများထဲတွင် အသက်အငယ်ဆုံးဖြစ်သူ ဗိုလ်ချုပ်မင်းအောင်လှိုင်ကို ရွေးချယ်ခဲ့သည်။

သို့သော် ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်းကို တပ်ချုပ်ရာထူး ပေးမည်ဆိုပါက ၂၀၂၂ ခုနှစ်တွင် မဖြစ်မနေ စစ်ဘက်ရာထူးတခု တိုးပေးရမည်ဖြစ်သည်။

အသက် ၅၄ နှစ်သာ ရှိသေးသော ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်းသည် ၂၀၂၂ ခုနှစ် နှစ်လယ်ပိုင်းတွင် ဒုတိယဗိုလ်ချုပ်ကြီးရာထူးဖြင့် စစ်ဖက်တာဝန် ထမ်းဆောင်နေသည်မှာ ၅ နှစ်ပြည့်မည်ဖြစ်သည်။

ကာကွယ်ရေးဝန်ကြီးဌာန၏ အမိန့်အရ ဒုတိယဗိုလ်ချုပ်ကြီး ရာထူးဖြင့် စစ်ဖက်တွင် ၅ နှစ်တာဝန်ထမ်းဆောင်ပြီး နောက်ထပ်ရာထူး မတိုးပါက စစ်ဖက်ရာထူးမှ အနားယူရမည်ဖြစ်သည်။ ထိုအမိန့်သည် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အာဏာသိမ်းပြီးနောက် ထုတ်ပြန်ထားသော အမိန့်လည်း ဖြစ်သည်။

စစ်ခေါင်းဆောင်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်းအား သူ့အရိုက်အရာ ဆက်ခံသူ တပ်ချုပ်အဖြစ် လွှာထားပါက ၂၀၂၂ ခုနှစ်အတွင်း ဗိုလ်ချုပ်ကြီးရာထူး တိုးမြှင့်ပေးရမည် ဖြစ်သည်။ ထိုကဲ့သို့ ဗိုလ်ချုပ်ကြီးရာထူး တိုးမြှင့်ပေးမှသာ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်းသည် တပ်ချုပ်ရာထူး ဆက်ခံရန် အလားအလာ ရှိမည်ဖြစ်သည်။

*ဗိုလ်ချုပ်ကြီးမောင်မောင်အေး အနားယူချိန်တွင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်းကို ရာထူးတဆင့်တိုးကာ ဗိုလ်ချုပ်ကြီးရာထူးဖြင့် ညှိနှိုင်း ကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) တာဝန်ကို ပေးအပ်လာပါက သူသည် မင်းအောင်လှိုင် အလွန် တပ်ချုပ်ဖြစ်လာရန် အလွန်နီးစပ်သွားပြီဟု ဆိုရပေတော့မည်။*

လက်ရှိ ဗိုလ်ချုပ်ကြီးရာထူးဖြင့် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) တာဝန်ထမ်းဆောင်နေသူ ဗိုလ်ချုပ်ကြီး မောင်မောင်အေးမှာ ယခုနှစ်ကုန်ပိုင်းတွင် အသက် ၆၀ ပြည့်မည်ဖြစ်သည်။

ဗိုလ်ချုပ်ကြီးမောင်မောင်အေး အနားယူချိန်တွင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်းကို ရာထူးတဆင့်တိုးကာ ဗိုလ်ချုပ်ကြီးရာထူးဖြင့် ညှိနှိုင်း ကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) တာဝန်ကို ပေးအပ်လာပါက သူသည် မင်းအောင်လှိုင် အလွန် တပ်ချုပ်ဖြစ်လာရန် အလွန်နီးစပ်သွားပြီဟု ဆိုရပေတော့မည်။

https://burma.irrawaddy.com/article/2022/03/14/250557.html

-----------------------------------------------------------------------------------------

## ဆယ်ခရိုင်အတွင်း လူငယ်အမျိုးသား(၃)ဦး KIA က ဖမ်းဆီးသွား

By SHAN - March 14, 2022

သျှမ်းပြည်မြောက်ပိုင်း မူဆယ်ခရိုင်အတွင်း လူငယ်အမျိုးသား (၃)ဦးကို ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) မှ ဖမ်းဆီးခေါ်ဆောင်သွားကြောင်း စုံစမ်းသိရှိရသည်။



ပြီးခဲ့သည့် မတ်လ (၈)ရက် နေ့လည် (၁၂)နာရီဝန်းကျင်တွင် မူဆယ်မြို့နယ် တာလုံကျေးရွာအုပ်စု မိုင်းပေါ်ကျေးရွာ၌ သျှမ်းလူငယ် (၈)ဦး ဈေးဝင်ဝယ်စဉ် KIA တပ်သားများ ဖမ်းဆီးသွားရာ (၅)ဦးကို ပြန်လည်လွတ်ပေးပြီး (၃)ဦးကို ယနေ့ချိန်ထိ ဖမ်းဆီးထားကြောင်း မူဆယ်မြို့နယ်က အသက် (၃၈)ကျော်အရွယ်ရှိ ဒေသခံ အမျိုးသားတစ်ဦးက သျှမ်းသံတော်ဆင့် ကို ပြောသည်။

ထို လွတ်ပေးသည့် (၅)ဦးမှာ အမျိုးသမီး (၄)ဦး နှင့် အမျိုးသား (၁)ဦးဖြစ်ကြောင်း သိရှိရသည်။

“ (၅)ယောက်ကိုတော့ ဖမ်းတဲ့နေ့မှာပဲ လွှတ်ပေးလိုက်တယ်။ကျန်တဲ့ (၃)ယောက်ကိုတော့ ဒီနေ့အထိ မလွှတ်ပေးသေးဘူး ” ဟု မူဆယ်မြို့နယ် ဒေသခံ တစ်ဦးက ပြောသည်။

ပြီးခဲ့သည့် မတ်လ (၁၂) ရက်နေ့က ကျန်ရှိသည့် လူငယ် (၃) ဦးကို သက်ဆိုင်ရာ လူကြီးများနှင့် မိဘများက သွားရောက်တွေ့ဆုံခွင့်တောင်းသော်လည်း တွေ့ဆုံခွင့် မရခဲ့ကြောင်း သိရသည်။

“ ၁၂ ရက်နေ့တုန်းကတော့ ဖမ်းခံထားရတဲ့ သူတို့အဖေရယ် လူကြီးတွေ ပြန်သွားခေါ်ဖို့ လုပ်တယ်။ မုံးကိုးဘက်က ဂိတ်စောင့်တဲ့သူဆီရောက်တော့ ကချင်စစ်သားတွေ မပေးဝင်ဘူး။ လူကြီးတွေနဲ့ တွေ့ချင်တယ်ဆိုလဲ မရဘူး။ ပြန်လာလိုက်ရတယ် ” ဟု သွားရောက်တွေ့ဆုံခွင့်တောင်းသည့်ထဲတွင် ပါဝင်သည့် အမျိုးသားတစ်ဦးက ပြောသည်။

ဖမ်းဆီးခံထားရသည့် လူငယ် (၃)ဦးမှာ ကွတ်ခိုင်မြို့နယ် ဝမ်ဝိန်းကျေးရွာမှ ဒေသခံ အမျိုးသား (၂)ဦး နှင့် မူဆယ်မြို့နယ် မိုင်းပေါ်ကျေးရွာထဲက ဒေသခံ အမျိုးသား (၁)ဦးတို့ဖြစ်ကြောင်း သိရှိရသည်။

ထိုအမျိုးသား (၃)ဦးမှာ စိုင်းအိုက်ပေါင်း အသက် (၂၃)နှစ်၊ စိုင်းမောင်လျှန်း (၃၄)နှစ် နှင့် စိုင်းကျန်လှ အသက် (၃၃)နှစ်တို့ ဖြစ်ကြောင်း သိရှိရသည်။

ပြီးခဲ့သည့် ဖေဖော်ဝါရီ (၁၁)ရက်နေ့ကလည်း ကွတ်ခိုင်မြို့နယ် ယုံးမောကျေးရွာအုပ်စု နားငူးကျေးရွာတွင် ကချင်လွတ်မြောက်ရေးတပ်မတော် (KIA)က လူငယ်အမျိုးသား (၃)ဦးကို နေအိမ်ထဲထိ ဝင်ရောက်ဖမ်းဆီးသည့် ဖြစ်စဉ်များလည်း ရှိသည်။

ကွတ်ခိုင်မြို့နယ်သည် တအာင်း(ပလောင်) လွတ်မြောက်ရေးတပ်မတော် (TNLA) ၊ ကချင်လွတ်မြောက်ရေးတပ်မတော် (KIA)နှင့် သျှမ်းပြည်တိုးတက်ရေးပါတီ၊ သျှမ်းပြည်တပ်မတော် (SSPP/SSA) နှင့် စစ်ကောင်စီအုပ်စုတို့ လှုပ်ရှားရာနယ်မြေဖြစ်သည်။

https://burmese.shannews.org/archives/27347

---

## အတွဲလိုက်ဗုံးများ၊ လေယာဉ်များနဲ့ တိုက်ခိုက်မှုကြောင်း ဒေါင်ခါးအား ကရင်နီ တပ်များ စွန့်ခွာ

သတင်းနှင့် မီဒီယာ ကွန်ရက်။ ၂၀၂၂ ခုနှစ်၊ မတ်လ ၁၄ ရက်။



ကရင်နီပြည်နယ် ဒီးမော့ဆိုမြို့နယ်အတွင်း စစ်ကောင်စီ၏ လေကြောင်း၊ ကုန်းကြောင်းထိုးစစ်များကြောင့် ဒေါင်ခါးရပ်ကွက်နေရာကို မတ်လ ၁၃ ရက်နေ့ နံနက်ပိုင်းတွင် ယာယီဆုတ်ပေးလိုက်ရသည်ဟု ကရင်နီ အမျိုးသားတိုးတက်ရေးပါတီ KNPP က ပြောသည်။

မတ်လ ၁၃ ရက်နေ့ နံနက်ပိုင်းကစတင်၍ တစ်ရက်လုံးနီးပါး တိုက်ပွဲများဖြစ်ပွားနေပြီး စစ်ကောင်စီက တာဝေး ပစ်လျှော့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် ဆက်တိုက်ပစ်ခတ်ခဲ့သည့်အပြင် လေကြောင်းမှလည်း တိုက်ခိုက်ခဲ့သည်ဟု သိရသည်။

ကရင်အနီအမျိုးသားတိုးတက်ရေးပါတီ KNPP အတွင်းရေးမှူး(၁) ခူဒယ်နီယာ က “လက်လွှတ်လိုက်ရတယ်ဆိုတဲ့ ဟာက စစ်ဆင်ရေးဆိုတဲ့အမျိုးက သူအားသာရင် ကိုယ်ကတော့ ရှောင်ပေးရတယ်။ ကိုယ်အားသာရင် သူက ရှောင်ပေးရတယ်။ လက်လွှတ်လိုက်ရတယ်ဆိုတာ ဒီနေရာ နဂိုကတည်းက အသေထိုင်တဲ့ အမာခံ စခန်းမဟုတ် ဘူး။ ရန်သူကတော့ စစ်ကောင်စီကတော့ တဖြည်းဖြည်းတိုးလာနေတယ်ပေါ့လေ။ ဟိုးမိုးဗြဲကနေ နန်းမယ်ခုံ ဒေါင်ခါး တလျှောက်လုံးပေါ့” ဟု ပြောသည်။

ထိုသို့ တိုက်ပွဲများ ဖြစ်ပွားနေသည့်အတွက် ကရင်နီအမျိုးသားများကာကွယ်ရေးတပ်ဖွဲ့ (KNDF B09) ၏ နယ်မြေ ထဲက စစ်ကောင်စီတပ်များ အသုံးပြုနေသည့် လွိုင်ကော်-ဒီးမော့ဆို လမ်းပိုင်းကိုလည်း အကန့်အသတ်မရှိ ပိတ် ထားလိုက်ပြီဖြစ်ပြီး မိဘပြည်သူများအနေဖြင့် သွားလာခြင်း မပြုလုပ်ကြဖို့ KNDF က မတ်လ (၁၃) ရက်နေ့တွင် အသိပေးမေတ္တာရပ်ခံစာ ထုတ်ပြန်ထားသည်။

မတ်လ ၁၃ ရက်နေ့က တိုက်ပွဲသည် နံနက်အစော မိုးမလင်းခင် ၄ နာရီအချိန်လောက်စတင်၍ ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်ဟု ဆိုသည်။ စစ်ကောင်စီဘက်က ၆၀ မမ၊ ၁၂၀ မမ၊ လျှော့တိုက်ဒုံးများနှင့် ဆက်တိုက်ပစ်ခတ်နေပြီး KNDF များဘက်က ကျဆုံးမှုစာရင်းကို အတိအကျမသိရသေးပေမယ့် ထိခိုက်ဒဏ်ရာ ရရှိမှုများ ရှိနေသည်ဟု လည်း KNDF B01 တာဝန်ရှိသူ တစ်ယောက်က ကန္တာရဝတီတိုင်း(မ်) သတင်းဌာနကို ပြောဆိုထားသည်။

တိုက်ပွဲအတွင်း စစ်ကောင်စီက ပစ်လိုက်သည့် လက်နက်ကြီးကျည်များသည် “ပစ်လိုက်တဲ့ လက်နက်ကြီးတွေက ရွာထဲကျတယ်။ ဒါပေမယ့် အဲ့ဒီထဲမှာ က ဘယ်သူမှ မရှိတော့ဘူး။ ကျနော်တို့ဘက်က လက်နက်ကိုင်ထားတဲ့ လူတွေလည်း အဲ့မှာမရှိဘူး။ သူ့ဟာသူ ရွာထဲ ကိုပစ်တာ။ ဆိုတော့ ဘယ်သူမှ ထိခိုက်မှုမရှိဘူး။ အခုနက တိုက်ပွဲကတော့ ဆက်ဖြစ်နေတုန်းပဲ။ ထိခိုက် ကျဆုံးမှုကတော့ မသိရသေးဘူး” ဟု ခူဒယ်နီယာ က ဆက်ပြောသည်။

ထိုတိုက်ပွဲသည် စစ်အင်အား၊ လက်နက် လူအင်အားသာလွန်းသည့် စစ်ကောင်စီတပ်ကို KA, KNDF, PDF, KGZ ပူးပေါင်းတပ်များက ခုခံစစ်ပုံစံဖြင့် တိုက်ခိုက်ခဲ့ရခြင်း ဖြစ်သည်ဟုလည်း ခူဒယ်နီယာက ဆက်ပြောသည်။

“သူတို့ကတော့ လူအင်အားက ပိုသာတယ်။ လက်နက်အင်အားတွေက သာတယ်။ အဲ့ဒါမြေပြင်ကနေ တဖြည်းဖြည်းတိုးလာတယ်။ ကျနော်တို့က ခံစစ်အနေအထားမျိုးတော့ ရှိနေတယ်။ သူတို့က လက်နက်ကြီး ကျနော်တို့ သူတို့ကို မယှဉ်နိုင်တာက လက်နက်ကြီးတစ်ခု၊ နောက်ပြီး လေယာဉ်ကလည်းပါတယ်။ လေယာဉ်နဲ့လိုက်ကြတယ်။ ရွာတွေကို လိုက်ကြတယ်။ ပြီးတော့ လက်နက်ကြီးနဲ့ လှမ်းထုတယ်။ အဲ့ဒါနဲ့ ကျနော်တို့က ဒီလက်နက်ကြီး တစ်ခုသူတို့ကို ယှဉ်လို့မရဘူး။ တိုက်ပွဲမှာ ခနလေး ရင်ဆိုင်မှုမျိုးတော့ ဖြစ်တယ်။ ပြီးတော့ လက်နက်ကြီးနဲ့ထုတယ်။ ကိုယ်က နေရာဖယ်ပေးလိုက်ရတယ်။ အဲ့လိုမျိုး အနေအထားမျိုးပဲ ရှိပါတယ်။”

စစ်ကောင်စီတပ်များက မိုးပြဘက်မှ တဖြည်းဖြည်း နန်းမယ်ခုံ၊ ဒီးမော့ဆိုမြို့နယ်ထဲက ဒေါ်ငံခါး ယာယီ စခန်း နေရာအထိ ရောက်လာတာဖြစ်ပြီး မြို့အတွင်း နေရာထက်ဝက်ကျော်ခန့်ကိုလည်း နယ်မြေစိုးမိုးထားသည်ဟု သိရသည်။

ဖေဖော်ဝါရီလ နောက်ဆုံးအပတ်ခန့်မှ စတင်၍ ယနေ့အချိန်ထိ ရက်ပေါင်း ၂၀ လောက်အကြာ ဖြစ်ပွားနေသည့် ကရင်နီပြည်နယ်ထဲ တိုက်ပွဲများတွင် စစ်ကောင်စီက နေ့စဉ်နီးပါး လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ပြီး ပြည် သူပိုင် နေအိမ်များ အပေါ် ဗုံးကြဲခဲ့သည့်အတွက် ဘာသာရေးအဆောက်အဦးအပါအဝင် အိမ်ခြေ ၄၀ ကျော်လည်း မီးလောင်ပျက်စီးခဲ့ရသည်ဟု ဒေသခံများနှင့် ဒေသအခြေဆိုက် KNDF တာဝန်ရှိသူများက ပြောသည်။

ကရင်နီပြည်နယ်အတွင်း နေ့စဉ်ဖြစ်ပွားနေသည့် တိုက်ပွဲများကြောင့် အပြစ်မဲ့ပြည်သူများလည်း တစ်နေရာပြီး တစ်နေရာ ပြောင်းရွှေ့စစ်ဘေးရှောင်နေကြရသည်မှာ နစ်ကြိမ်ထက်မနည်းရှိနေပြီဟု စစ်ရှောင်များကို အကူ အညီပေး နေသူများက ပြောသည်။

https://www.nmg-news.net/2022/03/14/18123

-----------------------------------------------------------------------------------------------

## ဒုတပ်ရင်းမှူးနှင့် စစ်ကောင်စီတပ်ဖွဲ့ဝင် ၂၇ ရောက်ကို အရှင်ဖမ်းမိ

သတင်းနှင့် မီဒီယာ ကွန်ရက်။ ၂၀၂၂ ခုနှစ်၊ မတ်လ ၁၄ ရက်။



ကရင်ပြည်နယ် မူတြော်- ဖာပွန်ခရိုင်ထဲတွင် စစ်ကောင်စီ အခြေစိုက် တပ်ရင်းတစ်ရင်းကို ကရင်အမျိုးသား လွတ် မြောက်ရေးတပ်မတော် (KNLA) တပ်မဟာ ၅ က တိုက်ခိုက်ခဲ့ရာ စစ်ကောင်တပ်ဖွဲ့ဝင် ၂၇ ယောက်ကို အရှင်ဖမ်းမိပြီး လက်နက်ခဲယမ်း အမြောက်အများ သိမ်းဆည်းရမိခဲ့သည်ဟု ကေအဲန်ယူ မူတြော် ခရိုင်က သတင်းထုတ်ပြန်ထားသည်။

ဖာပွန်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ မယ်ဝေ(မဲဝိုင်)အုပ်စု၊ မယ်ပေါ်ထာဘက်ကို ရိက္ခာသွားထုတ်ပြီး ပြန်လာတဲ့ ခြေလျင် တပ်ရင်း ခလရ ၉၇ တပ်ရင်းကို KNLA တပ်မဟာ ၅ တပ်ဖွဲ့ဝင်များက မတ်လ ၁၁ ရက်နေ့က ကြားဖြတ် တိုက် ခိုက်ခဲ့ခြင်း ဖြစ်သည်ဟု သိရသည်။

တိုက်ပွဲတွင် စစ်ကောင်စီတပ်ဘက်က ၃ ဦး သေဆုံးပြီး ဒဏ်ရာရသူ ၁၁ ဦးရှိသည်။ သေဆုံးသူများမှာ တပ်ကြပ် ကြီးတစ်ဦး၊ တပ်သားနစ်ဦး ဖြစ်ပြီး ထိခိုက်ဒဏ်ရာ ရရှိထားသူများထဲတွင် တပ်ခွဲမှူး ၂ ဦးနှင့် ဗိုလ်အဆင့်ရှိသူ တစ်ဦးလည်း ပါဝင်သည်ဟု သိရသည်။

အဆိုပါ ဒဏ်ရာ ရရှိသူများအပါအဝင် စုစုပေါင်း ၂၇ ယောက် ကို အရှင်ဖမ်းမိခဲ့သည်ဟု ကေအဲန်ယူ မူတြော် ခရိုင်က သတင်းထုတ်ပြန်ထားသည်။

ဒီတိုက်ခိုက်မှုကို KNU ဘက်က KNLA တပ်မဟာ ၅ ဗျူဟာမှူး ကိုယ်တိုင်ဦးဆောင်ခြင်း ဖြစ်သည်ဟုလည်း သိရသည်။

တိုက်ပွဲအတွင်း စစ်ကောင်စီဘက်က RPG 7 ၂ လက်၊ K3 မော်တာ ၄ လက်၊ စနိုက်ပါ ၂ လက်၊ MA2 ၆ လက်၊ MA1 ၈ လက်၊ MA3 ၆ လက်အပါအဝင် ကျည်ဆံ နှင့် ဆက်စပ် စစ်ပစ္စည်း အမြောက်အများကို သိမ်းဆည်းရမိခဲ့ သည့်အပြင် လက်ကိုင်ဖုန်းနှင့် ကျပ်ငွေသိန်း ၃၀ ကျော်ကိုလည်း သိမ်းဆည်းရမိခဲ့သည်ဟု ကေအဲန်ယူ၏ မူတြော် ခရိုင် သတင်း ထုတ်ပြန်ထားသည်။

“မတ်လ (၁၁)ရက်နေ့၊ နံနက် ၁၁းး၃၀မှ ညနေ ၁၈း၀၀ နာရီအထိ အမှတ်(၅)တပ်မဟာမှ အကြမ်းဖက်စစ်ကောင်စီအား (၅)နာရီကြာတိုက်ထုတ်ဖယ်ရှားမှုဖြစ်စဉ်အတွင်း သိမ်းပိုက်ရရှိခဲ့သည့်လက်နက်ခဲယမ်းများ” ဟုဆိုကာ KNU-Mutraw News ၏ လူမှုကွန်ရက်စာမျက်နှာ Facebook တွင် သတင်းဓါတ်ပုံများနှင့်အတွက် ထုတ်ပြန်ထားသည်။

တိုက်ပွဲံအတွင်း KNU/KNLA တပ်မဟာ ၅ ဘက်မှာတော့ ထိခိုက်ဒဏ်ရာ ရရှိသူ မရှိခဲ့သော်လည်း စစ်ကောင်စီတပ်၏ အနီးအနားကျေးရွာများထဲ လက်နက်ကြီးရမ်းသမ်းပစ်ခတ်မှုကြောင့် ဒေသခံ အရပ်သားပြည်သူ ၄ ဦး ထိခိုက်ဒဏ်ရာရခဲ့သည်ဟု သိရသည်။

https://www.nmg-news.net/2022/03/14/18127

----------------------------------------------------------------------------------------------------

## ဖာပွန်တိုက်ပွဲ ကျဆုံးဖမ်းဆီးခံရသူများသဖြင့် သတင်းမပေါက်ကြားရန် စစ်တပ်အတွင်း ဖိအားပေး တားမြစ်

Published By DVB | 14 March, 2022



ကရင်ပြည်နယ် ဖာပွန်ခရိုင် တပ်မဟာ ၅ နယ်မြေမှာ ကော့ကရိတ်မြို့အခြေစိုက် စစ်ကောင်စီရဲ့ ခလရ ၉၇ တပ်ရင်းက အရာရှိစစ်သည်တွေ သေဆုံး၊ ဒဏ်ရာရရှိပြီး အရှင်ဖမ်းဆီးခံရတဲ့ တပ်ဖွဲ့ဝင်တွေရဲ့ မိသားစုတွေ တာဝန်ရှိသူတွေက လာရောက် နှစ်သိမ့်ပေးနေရတယ်လို့ သိရပါတယ်။

မတ် ၁၁ ရက်က KNLA တပ်ဖွဲ့ဝင်တွေက ဖာပွန် (မူတြော်) ခရိုင်၊ ဒွယ်လိုးမြို့နယ် မဲဝိုင်အခြေစိုက် စစ်ကောင်စီရဲ့ ခလရ ၉၇ တပ်ဟာ မယ်ပေါ်ထောကျေးရွာတပ်စခန်းကနေ ရိက္ခာသွားထုတ်ပြီးအပြန် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA)၊ ပြည်သူ့ကာကွယ်ရေးတပ် (PDF) ပူးပေါင်းတပ်တွေက  မယ်တရူလိုကျေးရွာအရောက်မှာ ကြားဖြတ်တိုက်ခိုက်ခဲ့တာပါ။

အဆိုပါတိုက်ပွဲအတွင်း စစ်ကောင်စီတပ်ဘက်က တပ်ကြပ်ကြီးအပါအဝင် ၃ ဦးသေဆုံးပြီး၊ တပ်ရင်းမှူးအပါအဝင် ၁၁ ဦးဒဏ်ရာရရှိခဲ့သလို ၂၇ ဦး အရှင်ဖမ်ဆီးခံခဲ့ရတဲ့အတွက် စစ်သည်တွေရဲ့ မိသားစုတွေကို စကစ ၁၂ မှူးကိုယ်တိုင်လာရောက် နှစ်သိမ့်မှုတွေ ဆောင်ရွက်ပေးနေရတယ်လို့ စစ်ကောင်စီအသိုင်းအဝိုင်း နဲ့ နီးစပ်သူတွေကဆီက သိရပါတယ်။

စစ်ကောင်စီတပ်ဖွဲ့ဝင်မိသားစုနဲ့ နီးစပ်သူတဦးက “ကျမက ကုန်စုံဆိုင်ရောင်းတော့ တပ်ထဲကလူတွေဆီက ကြားတာ။ အဲဒါနဲ့ရင်းနှီးတဲ့ သူတစ်ယောက်ကိုမေးကြည့်တော့ စကစမှူး တပ်ထဲကို ရောက်နေတယ်လို့ပြောတယ်။ တပ်ထဲမှာလည်း အခုလိုမဖြစ်ဘူးတော့ အပြင်ကိုပေါက်ကြားမှာဆိုလို့ အရာရှိကြီးတွေရဲ့ ဇနီးသည်တွေပါ လာပြီးနှစ်သိမ့်ပေးနေရတယ်လို့ ပြောတယ်။ အခု တပ်အပြင်ထွက်ခွင့် ကန့်သတ်ထားတယ်လို့ ကြားတယ်” လို့ ပြောပါတယ်။

ကော့ကရိတ်မြို့ခံတဦးက “မနေ့က တပ်မဟာ ၅ ဘက်မှာ ခလရ ၉၇ တပ်က အရာရှိစစ်သည်တွေ တိုက်ပွဲကျပြီး အဖမ်းခံရတဲ့သတင်းက မြို့ပေါ်မှာပျံ့နှံ့နေတယ်။ မင်းအောင်လှိုင် အာဏာသိမ်းပြီးတဲ့နောက်ပိုင်း စစ်တပ်က မြို့ခံတွေကို လိုက်လံဖမ်းဆီးတာတွေ အခုရက်ပိုင်း တပ်ထဲကနေ ဒေသခံရွာတွေကို လက်နက်ကြီးနဲ့ ပစ်နေတာတွေက နေ့စဉ်လိုလိုပဲ။ ပြည်သူတွေပို့တဲ့ မေတ္တာစူးတာလို့ ပြောချင်တယ်” လို့ ပြောပါတယ်။

အဆိုပါ တိုက်ပွဲကို KNLA တပ်မဟာ ၅ ဗျူဟာမှူး ကိုယ်တိုင်ဦးဆောင်ပြီး ကြားဖြတ်တိုက်ခိုက်ခဲ့တဲ့အတွက် တိုက်ပွဲအတွင်း RPG 7 ၂ လက်၊ စက်လတ် ၁ လက်၊ K3 မော်တာ ၄ လက်၊ စနိုက်ပါ ၂ လက်၊ MA2 ၆ လက်၊ MA1 ၈ လက်၊ MA3 ၆ လက်အပါအဝင် ခဲယမ်းတွေနဲ့ ဆက်စပ်စစ်ပစ္စည်းအပြင် လက်ကိုင်ဖုန်းတွေနဲ့ ငွေကျပ်သိန်း ၃၀ ကျော်ကိုပါ သိမ်းဆည်းရမိခဲ့တယ်လို့ မှတ်တမ်းဓာတ်ပုံ နဲ့ ရုပ်သံဖိုင်တွေကို ကေအန်ယူက ထုတ်ပြန်ပါတယ်။

တိုက်ပွဲအတွင်း KNLA ပူးပေါင်းတပ်ဖွဲ့ဝင် ၄ ဦး ထိမှန်ဒဏ်ရာရရှိခဲ့သလို စစ်ကောင်စီတပ်က လက်နက်ကြီး ရမ်းသမ်းပစ်ခတ်ခဲ့တဲ့အတွက် အရပ်သားပြည်သူ ၄ ဦး ကျည်စထိမှန်သေဆုံးခဲ့တယ်လို့ သိရပါတယ်။

အဆိုပါ တိုက်ပွဲဖြစ်စဉ်နဲ့ပတ်သက်ပြီး သတင်းပေါက်ကြားမှုမရှိအောင် စစ်ကောင်စီတပ်ဖွဲ့ဝင်တွေကို ဖိအားပေးတားမြစ်တာ၊ တပ်ပြင်ထွက်ခွာခွင့် ပိတ်ပင်ထားသလို မိသားစုဆွေမျိုးတွေနဲ့ ဆက်သွယ်ခွင့်ပါ တားမြစ်ထားတယ်လို့ သတင်းတွေထွက်နေတယ်လို့ မြို့ခံတွေက ဆိုပါတယ်။

https://burmese.dvb.no/archives/521939

----------------------------------------------------------------------------------------------------

## အာရှလမ်းမကြီးတွင် KNLA နှင့် စစ်ကောင်စီတပ် တိုက်ပွဲဆက်ဖြစ်

Published By DVB | 14 March, 2022



ကရင်ပြည်နယ်၊ မြဝတီ-ကော့ကရိတ် အာရှလမ်းမကြီးပေါ်မှာ မတ်လ ၁၄ ရက် မွန်းလွဲ ၁ နာရီလောက်က KNLA ပူးပေါင်းအဖွဲ့နဲ့ စစ်ကောင်စီတပ်တွေ တိုက်ပွဲဆက်ဖြစ်နေပါတယ်။

KNLA ပူးပေါင်းတပ်ဖွဲ့က စစ်ကောင်စီတပ်တွေရှိတဲ့ တောတွင်းနေရာတွေကို လက်နက်ကြီးနဲ့ ၁၀ လုံးကျော်ပစ်ခတ်တိုက်ခိုက်ရာ ၇ လုံးက စစ်ကောင်စီယာယီခြေကုတ်ယူထားတဲ့ နေရာကို ထိမှန်ပျက်ဆီးခဲ့တယ်လို့ တိုက်ပွဲမှာပါဝင်တဲ့ KNLA တပ်ဖွဲ့ဝင် တဦးကပြောပါတယ်။

တိုက်ပွဲမှာ နစ်ဖက်တပ်သာတွေ ထိခိုက်ဒဏ်ရာရရှိမှုအခြေအနေကိုတော့ အတည်မပြုနိုင်သေးပါဘူး။

ကော့ကရိတ်မြို့အနောက်ဘက် ၂ မိုင်လောက်မှာရှိတဲ့ စစ်ကောင်စီစုပေါင်းငွေကောက်ခံဂိတ်မှာလည်း ဒီကနေ့ အမည်မသိ လက်နက်ကိုင် ၂ ဦးက ဆိုင်ကယ်စီးလာပြီး ပစ်ခတ်ခဲ့လို့ BGF နယ်ခြားစောင့် တပ်ဖွဲ့ဝင် ၂ ဦးသေဆုံးသွားပါတယ်။

https://burmese.dvb.no/archives/522133

----------------------------------------------------------------------------------------------------

## ကြာအင်းဆိပ်ကြီးအခြေစိုက် ခလရ ၃၂ တပ်ရင်းရှေ့ တိုက်ပွဲဖြစ်

Published By DVB | 14 March, 2022



ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့အခြေစိုက် စစ်ကောက်စီလက်အောက်ခံ ခလရ ၃၂ တပ်ရင်းရှေ့မှာ မတ် ၁၄ ရက် ဒီမနက် ၉ နာရီလောက်က စစ်ကောင်စီတပ်နဲ့ KNLA တပ်တို့ တိုက်ပွဲဖြစ်ပွားတယ်လို့ ဒေသခံတွေထံက သိရပါတယ်။

ကြာအင်းဆိပ်ကြီးမြို့၊ မင်္ဂလာကုန်းအနောက်ဘက်နဲ့ ခလရ ၃၂ တပ်အနီးမှာ KNLA တပ်ရင်း ၁၇ ယောက်လောက်နဲ့ တိုက်ပွဲဖြစ်ပွားနေတာဖြစ်ပြီး နေ့လယ်လောက်အထိ တိုက်ပွဲပြင်းထန်ခဲ့ရာ စစ်ကောင်စီတပ်ဘက်က ဗိုလ် ၁ ဦးနဲ့ အရပ်သား ၁ ဦး ထိမှန်သေဆုံးတယ်လို့ မြို့ခံတွေက ပြောပါတယ်။

ကြာအင်းဆိပ်ကြီးမြို့ခံတစ်ဦးက”အခုက တိုက်ပွဲဖြစ်နေတုန်းပဲ။ လောလောဆယ်ကြားတာက တပ်ကဗိုလ်တစ်ဦးနဲ့ အရပ်သားတစ်ဦး ကျတယ်လို့ သိထားတယ်”လို့ ဆိုပါတယ်။

တိုက်ပွဲအသေးစိတ်ကို မသိရှိရသေးသလို နှစ်ဖက်ထိခိုက်သေဆုံးမှုအခြေအနေကို ဒီဗွီဘီက အတည်ပြုနိုင်ဖို့ ဆက်လက်စုံစမ်းနေပါတယ်။

အဆိုပါတိုက်ပွဲအတွင်း စစ်ကောင်စီတပ်က လက်နက်ကြီး၊ လက်နက်ငယ်တွေနဲ့ ဆက်တိုက်ပစ်ခတ်နေတဲ့အတွက် မြို့ခံပြည်သူတချို့နဲ့ ကျောင်းတက်ရောက်နေတဲ့ ကျောင်းသူကျောင်းသားတွေ ပိတ်မိနေတယ်လို့ မြို့ခံပြည်သူတွေက ပြောပါတယ်။

တိုက်ပွဲတွေကြောင့် ကော့ကရိတ်- ကြာအင်းဆိပ်ကြီး-ဘုရားသုံးဆူလမ်းမပေါ် ယာဉ်သွားယာဉ်လာ မရှိတော့တဲ့အပြင် မြို့ခံသားပြည်သူတွေဟာ တိုက်ပွဲဖြစ်ပွားနေတဲ့အတွက် စိုးရိမ်နေကြပါတယ်။

https://burmese.dvb.no/archives/522036

-----------------------------------------------------------------------------------------------------------

## မြဝတီမြို့နယ်၌ စစ်ကောင်စီတပ်သား ၂ ဦး စနိုက်ပါဖြင့်ပစ်ခံရ၊ ၆ ဦး အရှင်ဖမ်းမိ

Published By DVB | 14 March, 2022



ကရင်ပြည်နယ်၊ မြဝတီမြို့နယ် ကနဲလေးကျေးရွာဘက်မှာ မတ်လ ၁၃ ရက်က KNLA နဲ့ DKBA ပူးပေါင်းတပ်ဖွဲ့တွေက စစ်ကောင်စီတပ်သား ၂ ယောက်ကို စနိုက်ပါသေနတ်နဲ့ အသေပစ်သတ်ခဲ့ပြီး ၆ ယောက်ကို အရှင်ဖမ်းဆီးရမိခဲ့တယ်လို့ KNLA တပ်ဖွဲ့ထံက သိရပါတယ်။

မနေ့က ကော့ကရိတ်- မြဝတီ အာရှလမ်းမှာ KNLAပူးပေါင်းတပ်နဲ့ စစ်ကောင်စီတပ်တွေ တိုက်ပွဲဖြစ်နေချိန်မှာ လေးကေ့ကော်မြို့သစ်နဲ့ ဝေါလေမြိုင်လမ်းမှာလည်း KNLA ပူးပေါင်းအဖွဲ့က လမ်းပိတ်ထားပြီး ကနဲလေးရွာဘက်မှာ လှည့်ကင်းထွက်လာတဲ့ စစ်ကောင်စီတပ်ဖွဲ့ဝင် ၄ ယောက်ကို လက်နက်ငယ် ၁ လက်နဲ့ အရှင်ဖမ်းဆီးနိုင်ခဲ့တယ်လို့ KNLA တာဝန်ရှိသူတဦးက ပြောပါတယ်။

ဒါ့အပြင် ကနဲလေးစခန်းမှ ထွက်လာပြီး သတင်းထောက်တဲ့ တပ်သားငယ် ၂ ယောက်ကိုလည်း အရှင်ဖမ်းဆီးနိုင်ခဲ့ကာ ကနဲလေးရွာမှာရှိတဲ့ စစ်ကောင်စီတပ်စခန်းအတွင်းကို KNLA တပ်ဖွဲ့က စနိုက်ပါသေနတ်နဲ့ ပစ်ခတ်လို့ နောက်ထပ် စစ်ကောင်စီတပ်သား ၂ ယောက် သေဆုံးသွားတယ်လို့လည်း ပြောပါတယ်။

ကရင်ပြည်နယ် မြဝတီမြို့တောင်ဘက် လေးကေ့ကော်မြို့သစ်မှာ ပြီးခဲ့တဲ့နှစ် ဒီဇင်ဘာလကတည်းက စစ်ကောင်စီတပ်တွေ ကျူးကျော်ဝင်ရောက်လာရာမှ တိုက်ပွဲတွေ စတင်ဖြစ်ပွားခဲ့တာဖြစ်ပြီး အခု မတ်လအထိ တိုက်ပွဲတွေဆက်ဖြစ်နေတာပါ။

တိုက်ပွဲတွေကြောင့် ဒေသခံပြည်သူတွေသောင်းနဲ့ချီ ထိုင်းနိုင်ငံဘက်ထွက်ပြေးခဲ့ကြရတာလည်း ဖြစ်ပါတယ်။

လက်ရှိ မြဝတီ-ကော့ကရိတ် အာရှလမ်းမကြီးမှာ တိုက်ပွဲတွေနဲ့ လမ်းပိတ်ထားမှုနဲ့ ကြုံတွေ့ ရင်ဆိုင်နေရတာကြောင့် ခရီးသွားပြည်သူအနေနဲ့လည်း စိုးရိမ်ထိတ်လန့်စွာ သွားလာနေရတယ်လို့ ခရီးသည်တွေက ပြောပါတယ်။

https://burmese.dvb.no/archives/521977

-----------------------------------------------------------------------------------------------------------

## မိုင်းနုမ်ဟန်တို့ မိသားစုကို RCSS သတ်ဖြတ်ခဲ့ဟု စုံစမ်းရေး ကော်မတီပြော

By ဧရာဝတီ | 14 March 2022

တအာင်း (ပလောင်) အမျိုးသားပါတီ (TNP) ဥက္ကဋ္ဌ မိုင်းနုမ်ဟန်တို့ မိသားစု ၃ ဦးကို ရှမ်းပြည် ပြန်လည်ထူထောင်ရေး ကောင်စီ (RCSS/SSA) က သတ်ဖြတ်ခဲ့သည့် သက်သေများ တွေ့ရှိပြီး ဖြစ်ကြောင်း အဆိုပါ အမှုကို ရှာဖွေဖော် ထုတ် နေသည့် စုံစမ်းရေးကော်မတီထံမှ သိရသည်။

ရှမ်းပြည်နယ် တောင်ပိုင်း၊ မိုင်းကိုင်မြို့နယ်၊ တုံလောကျေးရွာ အနီး၌ ဖမ်းဆီးခံခဲ့ရပြီးနောက် ၂ လကျော် အကြာတွင် ရုပ်အလောင်းများကိုသာ ပြန်လည်ရရှိခဲ့ခြင်းဖြစ်ပြီး စုံစမ်းစစ်ဆေးရေး အဖွဲ့က ဖြစ်စဉ်ကွင်းဆက်များကို စုံစမ်းဖော်ထုတ်ခဲ့ခြင်းဖြစ်သည်။

ဖြစ်စဉ်မှာ မိုင်းနုမ်ဟန်၏ ဇာတိဖြစ်သည့် မတ်ချိန်ရွာတွင် အသတ်ခံလိုက်ရသည့် မိခင်ဖြစ်သူ၏ နာရေးမှ မိုင်းကိုင်မြို့သို့ အပြန် ဇန်နဝါရီလ ၁၀ ရက်က တုံလောရွာအနီးတွင် ဖမ်းဆီးခံခဲ့ရခြင်း ဖြစ်သည်။

ထို့နောက်တွင် မိသားစုဝင်နှင့် မတ်ချိန်ရွာခံများက မိုင်းနုမ်ဟန် ဖမ်းခံရသည့် တုံလောရွာအတွင်း ဝင်ရောက်ရှာဖွေရန် ကြိုးစားခဲ့သော်လည်း အတားအဆီးများကြောင့် မအောင်မြင်ခဲ့ပေ။



မတ်လ ၁၃ ရက်နေ့က ပြုလုပ်ခဲ့သည့် မိုင်းနုမ်ဟန်တို့ မိသားစု ဈာပန (ဓာတ်ပုံ- Shwe Phee Myay)

ဖြစ်စဉ် စုံစမ်းရေးတွင် ပါဝင်သူတဦးက "သူ့အဖမ်းခံရပြီလို့ ကြားကြားချင်း မတ်ချိန ကျေးရွာသားတွေ အထူးသဖြင့် သူ့ညီလည်း ပါတာပေါ့။ သူအဖမ်းခံရတဲ့ တုံလော ကျေးရွာကို သွားမေးမြန်းတယ်။ ရှာဖွေပါရစေပေါ့။ ကားလည်း ပါတယ်ဆိုတော့ ကားတွေ့ရင် လူတွေ့မှာပဲ ဆိုတဲ့ မျှော်လင့်ချက်နဲ့ပေါ့။ ဒါပေမယ့် လုံးဝ အရှာ မခံနိုင်ဘူး။ မင်းတို့ ရှာလို့ RCSS က တခုခု လုပ်သွားရင် ငါတို့ တာဝန် မယူဘူးဆိုတဲ့ လေသံတွေနဲ့ လုပ်တဲ့အခါကျတော့ သွားရှာလို့ မရဘူးပေါ့" ဟု ဧရာဝတီသို့ ပြောသည်။

ထို့နောက် ရှာဖွေမှုများ ဆက်လက် လုပ်ဆောင်ရာ ၂ လအကြာ မတ်လ ၉ ရက်တွင် တုံလောရွာအနီး ပန်ပွဲရွာပိုင် လူအရောက်အပေါက် မရှိသည့် တောတွင်း ကျင်းနက်တခုထဲ၌ လက်နှင့် လည်ပင်းအား ကြိုးတုပ်ထားပြီး ဖောက်ထိုး ပစ်ချခံထားရသည့် အနေအထားဖြင့် မိုင်းနုမ်ဟန် (၃၉ နှစ်) အပြင် ပက်လက်အနေအထားဖြင့် သေဆုံးနေသည့် ၎င်း၏ ဇနီး လွေးအေးခ (၂၆ နှစ်) နှင့် မိခင်ကျောဉ်၌ လွယ်လျက်ပင် သေဆုံးနေသည့် ၇ လသားအရွယ် သမီးငယ် ရုပ် အလောင်းများကို ရှာဖွေတွေ့ရှိခဲ့ကြခြင်း ဖြစ်သည်။

ရုပ်အလောင်းများ ပျက်စီးနေသောကြောင့် မည်သည့်နေရာများအား ပစ်ခတ်သတ်ဖြတ်ခဲ့သည် ဆိုသည်ကို မသိရှိ နိုင်ကြောင်းနှင့် သေဆုံးသူများ၏ဘေးတွင် ကျည်အတောင့် ၃၀ ဝန်းကျင်ကို ကောက်ယူသိမ်းဆည်းထားကြောင်း စုံစမ်းရေး ကော်မတီထံက သိရသည်။



မတ်လ ၁၃ ရက်နေ့က ပြုလုပ်ခဲ့သည့် မိုင်းနုမ်ဟန်တို့ မိသားစု ဈာပန (ဓာတ်ပုံ- Shwe Phee Myay)

စုံစမ်းရေး ကော်မတီဝင် တဦးကလည်း "ကလေးကတော့ အရိုးပဲ ကျန်တော့ လသားကလေး ဆိုတော့ နာခေါင်းပိတ်ရင်လည်း သေနိုင်တယ်။ အစားတော် ရင်လည်း သေသွားနိုင်တယ်။ သူတို့ ဘယ်လိုပုံစံ သတ်သလဲတော့ မပြောတတ်ဘူး။ သေချာတာက ကလေးအမေကို

ဆယ်တဲ့အခါမှာ ကလေးသည် သူ့အမေရဲ့ ကျောကုန်းမှာပဲ ပိုးထားတုန်း ရှိသေးတယ်။ အမေ ရုပ်အလောင်း ဆယ်ပြီး တဲ့အခါမှာ ကျည်ဆန်တွေတော့ အများကြီး တွေ့တယ်” ဟု ပြောသည်။

လသား အရွယ် ကလေးငယ်ကိုပါ မချန် သတ်ဖြတ်ခဲ့သည့် တရားခံသည် ရှမ်းပြည် ပြန်လည်ထူထောင်ရေး ကောင်စီ (RCSS/SSA) ဖြစ်ကြောင်းကို ယခုအမှုအား စုံစမ်းဖော်ထုတ် နေသည့် ကော်မတီအပြင် လက်နက်ကိုင်အဖွဲ့များ၏ ဝင်ထွက်မှု အခြေအနေတွေကို သိမြင်သည့် ဒေသခံများက ဆိုကြသည်။

ထို့ပြင် RCSS တပ်ဖွဲ့မှ ထွက်ပြေးလာသော တပ်သားတယောက်၏ ပြောပြချက်အရ ပန်ပွဲရွာ တောင်ဘက်ရှိ ကျောက်ဆောင်များကြားတွင် မိုင်းနမ်ဟန်တို့ မိသားစုကို ဖမ်းဆီးထားသည့် နေရာအားလည်း ရှာဖွေတွေ့ရှိခဲ့ကြောင်း သိရ သည်။

မိုင်းနမ်ဟန်ကို ဝါးနှင့် ပြုလုပ်ထားသည့် ၆ ပေါက် ထိပ်တုံးတွင် ချုပ်နှောင်ထားပြီး သူ၏ မလှမ်းမကမ်းတွင် အမျိုးသမီး ဖြစ်သူနှင့် ကလေးငယ်ရှိနေကာ ကလေး ငိုလွန်းနေသဖြင့် အဆိုပါ တပ်သားက ထမင်းကို ကျွေးမွေးခဲ့ကြောင်း ဆိုသည်။

သူ၏ တွေ့ရှိချက်များကိုလည်း အရက်ဘက် အဖွဲ့များနှင့် ဒေသခံများက အတည်ပြုချက် ယူခဲ့ကြသည်။

မိုင်နမ်းဟန် မိသားစုသည် အဆိုပါ လမ်းခရီး အသွားမှာပင် RCSS က ၁ နာရီကြာ စစ်ဆေးမေးမြန်း ခဲ့ကြောင်း သိရ သည်။

ကားတိုက်ခံရပြီး သေဆုံးသွားသည့် မိုင်းနမ်ဟန်၏ မိခင် အပါအဝင် မိုင်းနမ်ဟန်နှင့် မိသားစုကို RCSS က နိုင်ငံရေးအရ ရည်ရွယ်ချက်ရှိရှိ သတ်ဖြတ်ခဲ့ခြင်း ဖြစ်ကြောင်း ရှမ်းနိုင်ငံရေး လေ့လာသူ အချို့ သုံးသပ်ပြောဆိုသည်။

စုံစမ်းရေး ကော်မတီ အဖွဲ့ဝင် တဦးက “မိုင်းနမ်ဟန်က ရွေးကောက်ပွဲ မကျင်းပဖြစ်တဲ့နောက် ရွာကို မပြန်ဖြစ်ဘူး။ ထူးပြီးတော့ ရွာပြန်နိုင်တဲ့ အခြေအနေက အဲဒီတခုပဲ သူ့တို့ မောင်နမထဲက တခုခု ဖြစ်မှပဲ ပြန်လာမယ် ဆိုတဲ့ ယူဆချက်ရှိပုံ ရတယ်။ အဲဒါကြောင့် မိုင်းနမ်ဟန် သူ့အမေ သေတော့ ပြန်သွားတော့ သူ့ကို စစ်ဆေးတာ ၁ နာရီလောက် ကြာတယ်။ ငါးမျှားဖို့အတွက် ငါးစာချလိုက်တဲ့ သဘောပါပဲ” ဟု ပြောသည်။



မတ်လ ၁၃ ရက်နေ့က ပြုလုပ်ခဲ့သည့် မိုင်းနမ်ဟန်တို့ မိသားစု ဈာပန (ဓာတ်ပုံ- Shwe Phee Myay)

ဇန်နဝါရီလ ၅ ရက်က မိုင်းနမ်ဟန်၏ မိခင်၊ ညီနှင့် တူတို့သည် မန်လီရွာမှ ဈေးဝယ်ပြီး မတ်ချိန်ရွာသို့ အပြန်တွင် ၎င်း တို့ စီးနင်းလာသည့် ဆိုင်ကယ်တွဲဆိုင်းကို ကားတစီးက နောက်မှ လိုက်ကာ ဝင်တိုက်သဖြင့် မိခင်ဖြစ်သူ သေဆုံး ခဲ့ခြင်း ဖြစ်သည်။

မိုင်းနမ်ဟန် မိသားစုနှင့် နီးစပ်သူ တဦးက “ရည်ရွယ်ချက်ရှိရှိ တိုက်တာ သူ့ညီနဲ့ အမေက ဆိုင်ကယ်အတွဲနဲ့ သွား တော့ ဈေးကနေ ပြန်လာတဲ့ အချိန်မှာ လိုက်လာတာ။ ရည်ရွယ်ချက်ရှိရှိ လိုက်တယ်ဆိုတာ သူ့ညီပြောပြချက်အရ တော်တော်လေး သိသာတယ်။ မမီခင်မှာ ဖြည်းဖြည်း လေးပဲ မောင်းပြီး ကားကို ဟိုကွေ့လိုက် ဒီကွေ့လိုက်နဲ့ သူတို့ ခဏလေး ရပ်တဲ့ အချိန်မှာ တိုက်သွားတာ” ဟု ပြောသည်။

RCSS ကို TNP ပါတီက မိုင်းနမ်ဟန် မိသားစု ပျောက်ဆုံးမှုနှင့် ပတ်သက်ပြီး မေးမြန်းရာတွင် ၎င်းတို့အဖွဲ့မှ ဖမ်းဆီး ထားခြင်း မရှိကြောင်းကို ဗိုလ်မှူးကြီး စိုင်းငင်း လတ်မှတ်ပါ စာဖြင့် ဇန်နဝါရီလ ၂၉ ရက်က အကြောင်းပြန်စာ ထွက်ရှိ လာခဲ့သည်။

ထို့ပြင် အခြား လက်နက်ကိုင်အဖွဲ့များလည်း လှုပ်ရှားသွားလာနေသဖြင့် ထပ်မံ စုံစမ်းသင့်ကြောင်း ဆိုထားသော်လည်း ဒေသခံများ၏ ပြောဆိုချက်အရ မြောက်ပိုင်း မဟာမိတ် တပ်ပေါင်းစု အဖွဲ့သည် မိုင်းနမ်ဟန်

ဖမ်းဆီးခံရပြီးနောက် ဇန်န ဝါရီ ၂၄ ရက်တွင်မှ ရောက်ရှိလာခြင်း ဖြစ်ပြီး အဆိုပါ ရက်များတွင် RCSS သာ လှုပ်ရှားသွားလာနေခြင်း ဖြစ်ကြောင်း ဆိုကြသည်။

အဆိုပါ ကိစ္စနဲ့ ပတ်သက်ပြီး မေးမြန်းရန်အတွက် RCSS က ဗိုလ်မှူး စိုင်းခမ်းစံကို ဧရာဝတီမှ ဖုန်းဖြင့် ဆက်သွယ်ခဲ့ သော်လည်း ပြန်လည် ဖြေကြားခြင်း မရှိခဲ့ပေ။



မတ်လ ၁၃ ရက်နေ့က ပြုလုပ်ခဲ့သည့် မိုင်းနမ်ဟန်တို့ မိသားစု ရှာပန (ဓာတ်ပုံ- Shwe Phee Myay)

RCSS သည် မိုင်းကိုင်မြို့နယ်တွင် TNP ပါတီ၏ နိုင်ငံရေး လှုပ်ရှားမှုများ အားကောင်းလာခြင်းနှင့် ပတ်သက်ပြီး နိုင်ငံရေး အရ မကျေနပ်ချက်များ ရှိကြောင်း ရှမ်းပြည် နိုင်ငံရေး လေ့လာသူများထံက သိရသည်။

မိုင်းနမ်ဟန်သည် အဆိုပါ ဒေသတွင် ထင်ရှားသော တအာင်း အမျိုးသား တဦးဖြစ်ကာ ဘုန်းကြီးဝတ်ခဲ့စဉ်ကတည်းက တအာင်း လူမျိုး ဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေး လုပ်ငန်းများအတွက် တက်တက်ကြွကြွလုပ်ဆောင်ခဲ့ပြီး တအာင်း လူထု အရေးနှင့် ပါတီအရေးအတွက် အားတက်သရော ဆောင်ရွက်နေသူလည်း ဖြစ်သည်။

၂၀၁၅ ရွေးကောက်ပွဲ ကာလကလည်း မိုင်းကိုင်မြို့နယ်တွင် ဝင်ရောက် ယှဉ်ပြိုင်ရန် ရွေးချယ်ထားသည့် ပါတီဥက္ကဋ္ဌ မိုင်းအောင်ခမ်းကိုလည်း RCSS က ၂ လခန့် ဖမ်းဆီးခဲ့ပြီး လူထုက သိရှိသဖြင့် ပြန်လည် လွှတ်ပေးခဲ့ခြင်း ဖြစ်သည်။

မိုင်းအောင်ခမ်းက "ပြီးခဲ့တဲ့ ၂၀၁၅ တုန်းကလည်း ကျနော်တို့ TNP ပါတီကို မရှိစေချင်ဘူး။ TNP ပါတီ ဆိုင်းဘုတ်ကို ဖြုတ်ခိုင်းတယ်။ ကျနော်နဲ့ ကျနော်ရဲ့ အတွင်းရေးမှူးကို ဖမ်းသွားတာပေါ့။ ကျနော့်ကို ဖမ်းသွားတာက ၃၃ ရက်ကြာ တယ်။ ဖမ်းထားတဲ့အချိန်မှာ ကျနော့်ကို ခေါင်းတွေ လက်တွေ ရိုက်တယ်။ ပါးတွေ ချတယ်။ မိုးတွင်းလည်း ဖြစ်တော့ မိုးထဲမှာပဲ ဒီတိုင်း ထားထား တာပေါ့။ ဒီတိုင်း အိပ်ရတာပေါ့။ ခြေထောက်ဆိုရင်လည်း ၂၄ နာရီ ချုပ်ထားတာ လက်ဆို ရင်လည်း နေ့လယ်ပိုင်းပဲ ဖွင့်ထားတယ်။ ညဆို ချုပ်ထားတာပေါ့" ဟု ပြောသည်။

ဆက်လက်ပြီး ၎င်းက "အဲဒီအချိန်ကတည်းက ဇာတ်လမ်း စတယ်လို့ပဲ ပြောရမှာပဲ။ ကျနော့်အဖေကိုလည်း သတ်မယ် ဖျောက်မယ်ဆိုပြီး ကြံရွယ်ခဲ့ပေမယ့် သူတို့ မအောင်မြင်ခဲ့လို့ ကျနော့်အဖေကလည်း လွတ်မြောက်နယ်မြေကို ထွက် ပြေးလာတာ။ မိုင်းကိုင် ဒေသမှာ နိုင်ငံရေးဆိုင်ရာ လှုပ်ရှားနေတဲ့ အဖွဲ့အစည်းနဲ့ ဖွံ့ဖြိုးရေးဆိုင်ရာ လှုပ်ရှားနေတဲ့ အဖွဲ့အစည်း ရှိတာကို သူတို့ မလိုလားဘူးပေါ့။ တအာင်းနိုင်ငံရေး အဖွဲ့အစည်း ရှိတယ်ဆိုတာကိုလည်း မိုင်းကိုင်မှာ မရှိစေချင်ဘူး" ဟု ဆိုသည်။

၂၀၂၀ ရွေးကောက်ပွဲတွင်လည်း မိုင်းကိုင်မြို့နယ်အတွင်း မဲဆွယ် စည်းရုံးရေး ဆင်းသည့် TNP ပါတီကို RCSS က လူ သိရှင်ကြား ခြိမ်းခြောက်မှုများ ပြုလုပ်ခဲ့သဖြင့် မဲဆွယ်စည်းရုံးမှုများကို ရပ်တန့်ခဲ့ရသည့်အပြင် မိုင်းကိုင်ကို အနက် ရောင် နယ်မြေ သတ်မှတ်လိုက်ကာ ရွေးကောက်ပွဲ မပြုလုပ်နိုင်ခဲ့ပေ။

RCSS/SSA (တောင်ပိုင်း SSA) သည် မိုင်းကိုင်မြို့နယ် အပါအဝင်ဖြစ်သည့် ရှမ်းပြည်တောင်ပိုင်း လွိုင်လင်ခရိုင်တွင် SSPP/SSA (မြောက်ပိုင်း SSA)၊ TNLA တို့နှင့် နယ်မြေစိုးမိုးမှုအတွက် မကြာခဏ ထိတွေ့တိုက်ပွဲများ ဖြစ်ပွားသကဲ့သို့ အဆိုပါ ဒေသအတွင်းရှိ ပအိုဝ်၊ ပလောင်စသည့် အခြား တိုင်းရင်းသား နိုင်ငံရေး အဖွဲ့အစည်းများနှင့်လည်း ပဋိပက္ခများ မကြာခဏ ဆိုသလို ပေါ်ပေါက်လေ့ ရှိသည်။

၂၀၁၈ ခုနှစ်ကလည်း လွိုင်လင်မြို့နယ် တောင်နောက် ကျေးရွာအုပ်စုတွင် RCSS နှင့် ရွာသားများ ပဋိပက္ခဖြစ်ပွားကာ ပအိုဝ် ကျေးရွာသား ၅ ဦးကို RCSS တပ်ဖွဲ့က ပစ်သတ်ခဲ့သည်။

https://burma.irrawaddy.com/news/2022/03/14/250587.html

---

## မိုင်းကိုင်မြို့နယ် TNP ပါတီဥက္ကဋ္ဌနှင့် မိသားစုဝင်များ ဖမ်းဆီးခံရပြီး အသတ်ခံရမှု ၎င်းတို့အဖွဲ့က ဆောင်ရွက်ခဲ့ခြင်းမဟုတ်ဟု RCSS ငြင်းဆို

PUBLISHED | 14 MARCH 2022

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းကိုင်မြို့နယ် တအာင်းအမျိုးသားပါတီ (TNP)ဥက္ကဋ္ဌ မိုင်းနမ်ဟန်၊ ၎င်း၏ဇနီးနှင့် ၎င်း၏အသက် ခုနစ်လအရွယ်ကလေးငယ်တို့ အသတ်ခံရမှုအပေါ် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ ရှမ်းပြည်တပ်မတော်(RCSS/SSA) က ၎င်းတို့အဖွဲ့ ဆောင်ရွက်ခဲ့ခြင်းမဟုတ်ဟု ငြင်းဆိုသည်။

လူမှုကွန်ရက်ပေါ်တွင် ပျံ့နှံ့နေသည့် မိုင်းကိုင်မြို့နယ်၊ တအာင်းအမျိုးသားပါတီဥက္ကဋ္ဌ မိုင်းနမ်ဟန်အား RCSS/SSA အဖွဲ့က ဖမ်းဆီးသတ်ဖြတ်သည်ဆိုသောသတင်းမှာ အရင်းအမြစ်မရှိသည့်ကောလာဟလ သတင်းမျှသာဖြစ်ပြီး RCSS/SSA အဖွဲ့အပေါ် တမင်စွပ်စွဲခြင်းသာဖြစ်သည်ဟု RCSS အဖွဲ့ပိုင် Tai Freedom သတင်းဌာနက မတ် ၁၄ ရက်တွင် သတင်းထုတ်ပြန်ဖော်ပြသည်။

မိုင်းကိုင်မြို့နယ် TNP ပါတီဥက္ကဋ္ဌ မိုင်းနမ်ဟန်သည် ၎င်းမိခင်ဖြစ်သူ၏နာရေးမှ မိုင်းကိုင်မြို့သို့ ၎င်း၏ဇနီး၊ သမီးဖြစ်သူတို့နှင့်အတူ ပြန်လာစဉ် ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁၀ ရက်တွင် ပျောက်ဆုံးသွားခဲ့ပြီး မတ် ၁၀ ရက်၌ မိုင်းကိုင်မြို့နယ်၊ တုံလောကျေးရွာအုပ်စု၊ ပန်ပွဲကျေးရွာအနီးတွင် သေနတ်ဒဏ်ရာများစွာဖြင့် သတ်ဖြတ်ခံထားရသည့် ၎င်းတို့မိသားစုဝင်သုံးဦး၏ ရုပ်အလောင်းများကို တွေ့ရှိခဲ့ကြသည်။

မိုင်းနမ်ဟန်တို့ မိသားစုဝင်သုံးဦးပျောက်ဆုံးခြင်းနှင့်ပတ်သက်၍ နမ့်ဆန်မြို့ရှိ TNP ပါတီဥက္ကဋ္ဌဦးခင်ရီက RCSS/SSA အဖွဲ့ထံသို့ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၄ ရက်တွင် စာရေးသားပေးပို့ကာ အကူအညီတောင်းခံခဲ့ပြီး RCSS ဗဟိုဌာနချုပ်က မိုင်းနမ်ဟန်မိသားစု ဖမ်းဆီးခြင်းကိစ္စကို စိစစ်ပြီးတွေ့ရှိချက်အရ လူမှုကွန်ရက် ကောလာဟလသတင်းများနှင့် ဦးခင်ရီ၏ပေးပို့စာတွင် ဖော်ပြထားသည့်အတိုင်း မဟုတ်မှန်ကြောင်း ဇန်နဝါရီ ၂၉ ရက်တွင် RCSS အတွင်းရေးမှူး(၁) ဗိုလ်မှူးကြီး စိုင်းငင်းက ဦးခင်ရီထံ ပြန်လည်အကြောင်းကြား ရှင်းပြစာပေးပို့ခဲ့ကြောင်း သိရသည်။

RCSS အနေဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ပေါ်လစီအမှတ်(၁)အဖြစ် ချမှတ်ထားပြီး ကြိုးပမ်းအကောင်အထည်ဖော်နေချိန်တစ်လျှောက်လုံးတွင် ယခုကဲ့သို့ ရှမ်းပြည်တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိခိုက်စေမည့် ဆောင်ရွက်ချက်မျိုးကို RCSS တပ်ဖွဲ့ဝင်များအား လုံးဝမပြုလုပ်ရန် တားမြစ်ထားကြောင်းနှင့် တားမြစ်ထားသည့်အတိုင်း တိကျစွာလိုက်နာစေကြောင်း ဗိုလ်မှူးကြီး စိုင်းငင်းက နမ့်ဆန်မြို့ TNP ပါတီဥက္ကဋ္ဌ ဦးခင်ရီထံပေးပို့ခဲ့သည့် အကြောင်းပြန်စာတွင် ဖော်ပြခဲ့သည်။

ဦးခင်ရီ၏ စာပါ ဖော်ပြထားချက်သည် ဖြစ်ရပ်မှန်နှင့်ကွဲလွဲနေသောကြောင့် သေချာစွာ ထပ်မံစုံစမ်းကြည့်စေလိုကြောင်း၊ မိုင်းကိုင်ဒေသတွင် လက်နက်ကိုင်တပ်ဖွဲ့များလေးဖွဲ့ခန့် လှုပ်ရှားသွားလာနေသည့်အတွက် အခြားသောလက်နက်ကိုင်အဖွဲ့များထံသို့ စာရေးသားပေးပို့ပြီး ညှိနှိုင်းအကူအညီတောင်းခံသင့်ကြောင်း ဗိုလ်မှူးကြီးစိုင်းငင်းက ဦးခင်ရီထံ အကြောင်းပြန်ကြားစာပေးပို့ခဲ့သည်။

မိုင်းကိုင်မြို့နယ် TNP ပါတီဥက္ကဋ္ဌနှင့် မိသားစုရုပ်အလောင်းများကို ပန်ပွဲကျေးရွာအနီးတွင် မတ် ၁၃ ရက်က မီးသင်္ဂြိုဟ်ခဲ့ကြောင်း ဒေသတွင်းရွှေဖီမြေသတင်းဌာန၏ ဖော်ပြချက်အရ သိရသည်။

မိုင်းကိုင်မြို့နယ် TNP ပါတီဥက္ကဋ္ဌ သတ်ဖြတ်ခံရမှုအတွက်ဝမ်းနည်းကြောင်း၊ တအာင်းလူမျိုးအားလုံး အဖိနှိပ်ခံဘဝမှ လွတ်မြောက်ရေးအတွက် ဆက်လက်တိုက်ပွဲဝင်မည်ဖြစ်ကြောင်း တအာင်းလက်နက်ကိုင်အဖွဲ့ (TNLA) က မတ် ၁၂ ရက် ရက်စွဲဖြင့် ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့သည်။

ယင်းဖြစ်စဉ်မတိုင်မီ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၅ ရက်တွင် မိုင်းနမ်ဟန်၏ မိခင်သည် ၎င်း၏သားငယ်မောင်းနှင်သည့် သုံးဘီးဆိုင်ကယ်ဖြင့် နမ့်လန်မြို့ဈေးမှ မိုင်းကိုင်မြို့နယ်

မတ်ချီနုတ်ရွာသို့အပြန်တွင် နံပါတ်ပြားကွယ်ထားသည့် အနက်ရောင် Vigo ကားတစ်စီးက ၎င်းတို့အားဝင်တိုက်ပြီး ထွက်ပြေးသွားခဲ့ကြောင်း၊ မိုင်းနမ်ဟန်၏မိခင်သည် မိုင်းကိုင်ဆေးရုံသို့ တက်ရောက်ကုသခဲ့သော်လည်း အဆိုပါဒဏ်ရာဖြင့် အသက်ဆုံးရှုံးခဲ့ကြောင်း TNLA အဖွဲ့၏သဝဏ်လွှာတွင် ဖော်ပြထားသည်။

မိုင်းနမ်ဟန်သည် မတ်ချီနုတ်ရွာသို့ လာရောက်၍ မိခင်ဖြစ်သူ၏ နာရေးကိစ္စဆောင်ရွက်ပြီး မိုင်းကိုင်မြို့သို့ ပြန်လာစဉ် RCSS အဖွဲ့၏ ဖမ်းဆီးသတ်ဖြတ်ခံရခြင်းဖြစ်ကြောင်း၊ ဖြစ်စဉ်အရ မိုင်းကိုင်မြို့ TNP ပါတီရုံးတွင် နေထိုင်သည့် မိုင်းနမ်ဟန်အား ဖမ်းဆီးလုပ်ကြံနိုင်ရေးအတွက် မိုင်းနမ်ဟန်မြို့ပြင်သို့ ထွက်လာစေရန် ရည်ရွယ်၍ ဇာတိရွာနေ မိုင်းနမ်ဟန်၏မိခင်ကို ကားဖြင့်တိုက်သတ်သည်ကို တွေ့ရသည်ဟု TNLA က အဆိုပါသဝဏ်လွှာတွင် သုံးသပ်ဖော်ပြထားသည်။

၂၀၁၅ ခုနှစ်နှင့် ၂၀၂၀ ရွေးကောက်ပွဲကာလတွင် RCSS အဖွဲ့က မိုင်းနမ်ဟန်နှင့် ၎င်း၏ပါတီအား နှောင့်ယှက်တိုက်ခိုက်ခဲ့သည့်ဖြစ်စဉ်များ၊ ယခုဖြစ်စဉ်တွင် နောက်ဆုံးအဆက်အသွယ်ရရှိခဲ့သည့်နေရာနှင့် ၎င်းတို့၏ ရုပ်အလောင်းများအား တွေ့ရှိခဲ့သည့်နေရာသည် ပန်ပွဲရွာရှိ RCSS တပ်စခန်းအနီးတွင် တည်ရှိနေခြင်း၊ မျက်မြင်သက်သေများ၏ ထွက်ဆိုချက်များအရ မိုင်းနမ်ဟန်၊ ၎င်း၏ဇနီးနှင့် သမီး၊ ၎င်း၏မိခင်ဖြစ်သူတို့ကို RCSS အဖွဲ့က သတ်ဖြတ်ခဲ့ခြင်းဖြစ်သည်ဟု TNLA ၏ သဝဏ်လွှာတွင် ဖော်ပြထားသည်။

RCSS အဖွဲ့သည် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲကာလ၌လည်း ယခင်မိုင်းကိုင်မြို့နယ် TNP ပါတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ကို နှစ်လကြာဖမ်းဆီးချုပ်နှောင်ခဲ့ပြီး အဖက်ဖက်၏ကြိုးပမ်းမှုကြောင့် ၎င်းတို့နှစ်ဦးအနေဖြင့် နောက်နောင်နိုင်ငံရေးကိစ္စတွင် မပါဝင်၊ မပတ်သက်၊ မဆောင်ရွက်ဟု ခံဝန်ကတိပြုချက်ဖြင့် RCSS က ပြန်လွှတ်ပေးခဲ့သည့် ဖြစ်စဉ်ဖြစ်ပေါ်ခဲ့ကြောင်းလည်း TNLA ၏ သဝဏ်လွှာတွင် ဖော်ပြထားသည်။

https://news-eleven.com/article/227464

------------------------------------------------------------------------------------------

## AA နဲ့ ဆက်စပ်တယ်ဆိုပြီး ပရဟိတကျောင်းအုပ် ထောင်ဒဏ်နှစ်နှစ်ကျော်ချမှတ်ခံရ

2022.03.14



Photo - CJ

ရက္ခိုင့်တပ်တော် (AA) နဲ့ ပတ်သက်ဆက်နွယ်တယ်ဆိုပြီး ဖမ်းဆီးခံခဲ့ရတဲ့ ရခိုင်ပြည်နယ် တောင်ကုတ်မြို့က မိုးပညာဒါန ပရဟိတကျောင်းရဲ့ ဥက္ကဋ္ဌ ကိုအောင်ဝင်းနိုင်ကို မတ်လ ၁၄ ရက် ဒီကနေ့မှာ တရားရုံးက ထောင်ဒဏ် ၂ နှစ်ကျော်နဲ့ ဒဏ်ငွေ တစ်သိန်း ချမှတ်လိုက်ပါတယ်။

မတရားအသင်း ဆက်သွယ်မှုဥပဒေပုဒ်မ-၁၇ (၁) အတွက် ထောင်ဒဏ်နှစ်နှစ်နဲ့ လိုင်စင်မဲ့ ကားမောင်းနှင်တဲ့အမှု အတွက် ထောင်ဒဏ် ၁၅ ရက်၊ ငွေဒဏ်တစ်သိန်း ချမှတ်ခံရတာလို့ ကိုအောင်ဝင်းနိုင်ရဲ့ ဇနီးဖြစ်သူ မတွယ်တာစိုးက RFA ကို ပြောပါတယ်။

**"ဒီနေ့မှာပဲ ထောင်ဒဏ် ၂ နှစ်နဲ့ ၁၅ ရက်နဲ့ ငွေဒဏ်တစ်သိန်း ချမှတ်ခံလိုက်ရပါတယ်။ AA နဲ့ ဆက်စပ်တယ်ဆိုပြီး တရားစွဲထားတဲ့ ၁၇ (၁) အတွက် ထောင်ဒဏ် တစ်နှစ်၊ ပြီးတော့ လိုင်စင် မရှိတဲ့ကားကို မောင်းလို့ဆိုပြီး ပို့ကုန်၊ သွင်းကုန် ပုဒ်မအတွက် ထောင်ဒဏ် ၁၅ ရက်နဲ့ ငွေဒဏ်တစ်သိန်း ချမှတ်ခံလိုက်ရတာပါ။ ချုပ်ရက်ပါ ခံစားခွင့် ရှိပါတယ်"**

ကိုအောင်ဝင်းနိုင်ဟာ ၂၀၂၁ ခုနှစ် ဖွန်လ အစောပိုင်းက တောင်ကုတ်-သံတွဲ ကားလမ်းမ ဖုံညိုတောင်စစ်ဆေးရေးဂိတ်မှာ ဖမ်းဆီးခံရတာဖြစ်ပြီး ဖမ်းဆီးပြီး ၉ လလောက်နီးပါးအကြာမှာ ပြစ်ဒဏ်တွေ ချမှတ်ခံရတာ ဖြစ်ပါတယ်။ သူ့အတွက် အယူခံ ဆက်ဝင်သွားမယ်လို့လည်း ဇနီးဖြစ်သူက ဆိုပါတယ်။

သူ့ကို တောင်ကုတ်မြို့ (၅၅၄) တပ်ရင်းက ဗိုလ်ကြီးကျော်ဇင်ဦးနဲ့ တောင်ကုတ်မြို့မရဲစခန်းက ယာဉ်ထိန်းရဲ ဒုရဲအုပ်တစ်ဦးက တရားလိုလုပ်ပြီး တရားစွဲဆိုထားတာ ဖြစ်ပါတယ်။

ရခိုင်ပြည်နယ်မှာ ရက္ခိုင့်တပ်တော် (AA) နဲ့ ဆက်စပ်တယ်ဆိုပြီး ဖမ်းဆီးတရားစွဲခံထားရသူ ငါးဆယ်ကျော် ကျန်ရှိနေသေးတယ်လို့ အရပ်ဘက်အဖွဲ့တွေရဲ့ စာရင်းတွေအရ သိရပါတယ်။

https://www.rfa.org/burmese/news/taungkok-resident-jail-03142022094216.html

---

## မောင်တောဒေသခံ ၁ ဦး နယ်ခြားစောင့်ရဲ ပစ်ခတ်၍ သေဆုံး

By ဧရာဝတီ | 14 March 2022

ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်အတွင်းက မီးတိုက်ကျေးရွာသား ၁ ဦး၊ နယ်ခြားစောင့်ရဲတပ်ဖွဲ့၏ ပစ်ခတ်မှုကြောင့် သေဆုံးသွားခဲ့ကြောင်း သတင်း ရရှိသည်။

သေဆုံးသူမှာ အသက် ၃၆ နှစ်အရွယ် ဦးကျော်မောင်သာဖြစ်ပြီး မတ်လ ၁၃ ရက်နေ့ည ၈ နာရီခန့်က ရွာအနောက်ဘက်ရှိ လယ်ကွင်းသို့ နွားပျောက်သွားရှာစဉ် ကင်းလှည့်နေသည့် မီးတိုက်နယ်ခြားစောင့် ရဲတပ်ဖွဲ့က ပစ်ခတ်ခဲ့ခြင်း ဖြစ်ကြောင်း ဆွေမျိုး တော်စပ်သူ တဦးက ပြောသည်။

၎င်းက "သူ့က နွားတကောင် ပြန်မရောက်တဲ့အတွက် ရွာအနောက် ဘက်က လယ်ကွင်းပြင်ဘက်ကို သွားရှာတာ။ မျက်မြင်တွေ ပြောတာက  ကင်းလှည့်နေတဲ့ နယ်ခြားစောင့်ရဲက သူ့ကိုခေါ်တယ်။ သူက မပြေးဘူး။ အဲဒီ အချိန်လှမ်းပစ်လို့ သူလဲကျတယ်။ တော်ကြာမှာ ရွာက ကားခေါ်ပြီးတော့ သူလက်နှစ်ဘက်ကို ကားပေါ်ဆွဲတင်ကြတယ်တဲ့။ သွေးတွေလည်း အိုင်ခံနေတယ်လို့ပြောတယ်။ ပြီးမှမောင်တောဆေးရုံကို ပို့လိုက်ကြတာ" ဟု ဧရာဝတီသို့ ပြောသည်။

ပစ်ခတ်ခံရသည့်အတွက် ဦးမောင်ကျော်သာမှာ ညာဒူးအောက်ခြေမှာ ကြေမွသွားပြီး မောင်တောဆေးရုံသို့ ရောက်ရှိစဉ် အချိန်တွင် သွေးထွက်လွန်ပြီး သေဆုံးသွားခဲ့ ကြောင်းလည်း မိသားစုဝင်များက ပြောသည်။

မီးတိုက်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမောင်သာထွန်းက "သေနတ်ဒဏ်ရာက ဒူးဆစ်အောက်မှာ ခြေသလုံး တခုလုံး တစစီ ဖြစ်သွားတယ်။ သွေးထွက်တာ တော်တော်များတဲ့အတွက် ဆေးရုံကို ရောက်တာနဲ့ ဆုံးသွားတာ။  နယ်ခြားစောင့် ရဲကတော့ ဘာကြောင့် ပစ်တယ်ဆိုတာတော့ မပြောဘူး။ ဆေးရုံကို ယူသွားတာ။ အခုအလောင်းကို ရွာပြန်ယူလာတယ်။ အဲဒီအတွက် ကုန်ကျစရိတ်တွေ ခံပေးမယ်လို့ပြောပဲ" ဟု ဧရာဝတီသို့ ပြောသည်။

သေဆုံးသွားသည့် ဦးမောင်ကျော်သာတွင် ဇနီးနှင့်အတူ သား/သမီး ၄ ဦး ကျန်ရှိခဲ့ကာ ရိုးသားစွာ လုပ်ကိုင်စားသောက်နေတဦးဖြစ်သည့်အတွက် ယခု ကဲ့သို့ ကျေးရွာတွင် တည်ရှိသော နယ်ခြားစောင့်ရဲစခန်းမှ ပစ်ခတ်မှုအပေါ် တာဝန်ယူ၊ တာဝန်ခံမှု အပြည့်ဖြင့် ဖြေရှင်းပေးစေလိုကြောင်း ဒေသခံ ကျေးရွာသားများနှင့် မိသားစုဝင်များက လိုလားနေကြသည်။

မောင်တောမြို့နယ်အတွင်းက မီးတိုက်ကျေးရွာသည် မြန်မာ- ဘင်္ဂလားဒေ့ရှ် နယ်စပ်ဒေတွင် တည်ရှိသော ကျေးရွာတရွာဖြစ်ပြီး ရခိုင်၊ မရာမာ၊ ဒိုင်းနက် တိုင်းရင်းသားများ စုပေါင်းနေထိုင်သော ကျေးရွာဖြစ်သည်။

https://burma.irrawaddy.com/news/2022/03/14/250583.html

---